# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဥ္စမြုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်၊ တနင်္ဂနွေနေ့။ Sunday, 14 July 2024 ၁၁၅၁၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ

**သဘာဝဘေးအန္တရာယ် စုစည်းညီညွတ်မှုဖြင့်ကာကွယ်**


ဆောင်းပါး
စာမျက်နှာ » ၆


**မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ သတိပြုကာကွယ်**


ဆောင်းပါး
စာမျက်နှာ » ၁၀


### မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၁၃

| | | |
|---|---|---|
| ထားဝယ် | ၅ ဒသမ ၂၄ | လက်မ |
| ကျိုက္ခမီ | ၄ ဒသမ ၉၆ | လက်မ |
| ခန္တီး | ၃ ဒသမ ၉၈ | လက်မ |
| စစ်တွေ | ၃ ဒသမ ၉၈ | လက်မ |
| ကျောင်းကုန်း | ၃ ဒသမ ၉၄ | လက်မ |
| မြိတ် | ၃ ဒသမ ၇၈ | လက်မ |
| ရေး | ၃ ဒသမ ၆၁ | လက်မ |
| ကန်ကြီးထောင့် | ၃ ဒသမ ၄၄ | လက်မ |
| ရှမ်းရွာသစ် | ၃ ဒသမ ၀၃ | လက်မ |
| ဘားအံ | ၃ ဒသမ ၀၀ | လက်မ |



ငမိုးရိပ်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ငမိုးရိပ်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ရန်ကုန် ဇူလိုင် ၁၃

၂၀၂၃ ခုနှစ် အောက်တိုဘာလ မိုးနှောင်းရာသီအတွင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်မြို့နယ်တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါဖြစ်စဉ်မျိုး နောင်နှစ်များတွင်မဖြစ်ပေါ်စေရန်အတွက် အဓိကရေနုတ်ပေးနိုင်သည့် ငမိုးရိပ်ချောင်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရာနှုန်းပြည့် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❒



MWD မီဒီယာစင်တာ




ရရှိနိုင်သောဝန်ဆောင်မှုများ

အရည်အသွေးမြင့် 4K ကင်မရာများတပ်ဆင်ထားသည့် ခေတ်မီ Studio အခန်းများ အသံဖမ်း Studio များကို ရိုက်ကူးထုတ်လွှင့်သူများအတွက် ငှားရမ်းနိုင်ပါသည်။

ဖျော်ဖြေပွဲများဆောင်ရွက်လိုသူများအတွက်...

LED Screen ပါသည့်ပြဇာတ်ရုံနှင့် 11.1 Sounds System ဖြင့် 4K,3D ရုပ်ရှင်ရုံတို့အား ဖျော်ဖြေရေးပွဲများအတွက် ငှားရမ်းအသုံးပြုနိုင်ပါသည်။

No.15,Moe Kaung Road, 15th Ward, Bauk Htaw, Yankin Township. 09-680101166,01-4705990,01-4705991,01-4705992 https;//www.facebook.com/Public Media Centre

ကြေးမုံ

# တီထွင်ဆန်းသစ်မှုဖြင့် လူမှုစီးပွားမြင့်တင်

သစ်တောသစ်ပင်များသည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူသားအကျိုးပြုတိုးတက်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုလျက်ရှိသည်။ လူတို့အနေဖြင့် သစ်တောသစ်ပင်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးရေးကို အထောက်အကူပြုသည်ဟု နားလည်ထားသည်။ တကယ်တမ်းတွင် သစ်တောသစ်ပင်များသည် ထိုထက်ပို၍ ကမ္ဘာလောကကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် ကျယ်ပြန့်နက်ရှိုင်းစွာ အထောက်အကူပြုနေသည်ကိုတွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ရေခံမြေခံကောင်းမွန်မှုကြောင့် သစ်တောသစ်ပင်ပန်းမန်များသည် ပြုပြင်မွမ်းမံမှုပင် မလိုလောက်ဘဲ သဘာဝအလျောက် ရှင်သန်ဖွံ့ဖြိုးနေသည်ကို ပတ်ဝန်းကျင်တစ်ခွင်တွင် တွေ့မြင်နိုင်သည်။ သို့သော် ပိုမိုကောင်းမွန်သည့် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်အတွက် စနစ်တကျပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရန်လိုအပ်သည်။ ရေခံမြေခံကောင်းလျှင် ဖွံ့ဖြိုးတိုးတက်သည်မှန်သော်လည်း သစ်ပင်တစ်မျိုးစီ အမျိုးအစားအလိုက် နည်းစနစ်တကျ ပျိုးထောင်ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ တီထွင်ဆန်းသစ်ခြင်းတို့ဖြင့် အကျိုးရလဒ်ကောင်းများစွာ ပိုင်ဆိုင်နိုင်သည်ကို လက်တွေ့သိရှိလာကြသည်။

သစ်တောသစ်ပင်များသည် ကမ္ဘာပေါ်ရှိ လူသားများအားလုံးအတွက် စားဝတ်နေရေး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည်။ ထိုမျှသာမက ပညာရေး၊ ကျန်းမာရေး၊ လူမှုဘဝသာယာဝပြောရေးတို့တွင် အလွန်အရေးပါသည့် အခန်းကဏ္ဍများမှ ပါဝင်နေသည်။ သို့သော် သစ်တောသစ်ပင်များကို နိုင်ငံတော်နှင့်သစ်ပင်သစ်တောဆိုင်ရာတို့ကသာ အလေးဂရုပြု လုပ်ကိုင်ဆောင်ရွက်ကြပြီး ပြည်သူများအနေဖြင့် အကျိုးစီးပွားကိုသာ ခံစားကြကာ အမှုမဲ့အမှတ်မဲ့နေထိုင်ကြသည်။ သစ်တောသစ်ပင်များ၏ အကျိုးရလဒ်ကို အားလုံးသိမြင်နားလည်ကြပြီး သစ်ပင်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ကြပါက တိုးတက်မှုအဖုံဖုံကို ရရှိခံစားကြရမည်ဖြစ်သည်။

အနာဂတ်မျှော်လင့်ချက်အဖြစ် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် နေပြည်တော်တွင် တည်ဆောက်ဖွင့်လှစ်ထားသော Naypyitaw State Polytechnic University သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ပညာရပ်ဝန်းတစ်ခုဖြစ်သည်။ ဂုဏ်ယူဖွယ်ရာ တက္ကသိုလ်ကြီးကို တက္ကသိုလ်များ၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်ထားသည်။ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်နှလုံးကြည်လင်ချမ်းမြေ့စွာ ပညာသင်ကြားခြင်းနှင့်အတူ အပန်းဖြေနိုင်ရေးအတွက် သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းရေးနှင့် တီထွင်ဆန်းသစ်သည့် အင်ဂျင်နီယာပညာရပ်များဖြင့် ပိုမိုကောင်းမွန်သည့် ပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအား သစ်တောသစ်ပင်များကို တန်ဖိုးထားတတ်လာအောင် သင်ယူခြင်းနှင့်အတူ အလေ့အကျင့်ပြုလုပ်ကြရမည်ဖြစ်သည်။ သစ်တောသစ်ပင်များကို စိုက်ပျိုးပြုစုထိန်းသိမ်းကြရာတွင် မျက်မှောက်ကာလ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဆန်းသစ်တီထွင်မှုများကို သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် အကျိုးရှိအောင် ပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်သွားမည်ဆိုပါက သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုထိရောက်ပြီး နိုင်ငံတော်၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည် ဖြစ်သည်။ တစ်ဆက်တည်းတွင် လူသားအကျိုးပြု ဖွံ့ဖြိုးတိုးတက်မှုမှ ကမ္ဘာလုံးဆိုင်ရာ သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။

သာဓကအားဖြင့် ကမ္ဘာတစ်ဝန်း၌ သစ်တောအခြေပြု နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် တွင်ကျယ်စွာအသုံးပြုနေသော ပလတ်စတစ်သုံးစွဲမှုအစား ဇီဝဖြစ်အတိုင်းဆွေးမြည့်နိုင်သည့် (Biodegradable) သစ်တောထွက်ပစ္စည်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်း၊ လူသားများအတွက် အန္တရာယ်ဖြစ်စေနိုင်သည့် ဘက်ထရီများတွင်ပါရှိသည့် မြေရှားသတ္တုများနေရာတွင် သစ်တောထွက် ဓာတုဒြပ်ပေါင်းများဖြင့် အစားထိုးလာနိုင်ခြင်း၊ ကမ္ဘာ့အဝတ်အထည်စက်ရုံများအတွက် သစ်ပင်၊ ဝါးပင်များမှထုတ်လုပ်သည့် ချည်မျှင်ရှည် (Long fiber) များ အသုံးပြုလာနိုင်ခြင်း စသည့်တီထွင်ဆန်းသစ် အောင်မြင်မှုများကို တွေ့မြင်ရမည်ဖြစ်သည်။

ထို့အပြင် နည်းပညာတီထွင်ဆန်းသစ်မှုနှင့် သစ်တောထွက်ပစ္စည်းများကို ဆေးဝါးများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်များအပါအဝင် လူသားများ၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ လူမှုဘဝဖွံ့ဖြိုးရေးတို့အတွက် ရေရှည်ဘေးကင်းလုံခြုံစွာဖြင့် အသုံးပြုနိုင်သည့် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ကျယ်ပြန့်စွာ ထုတ်လုပ်လာနိုင်ပြီဖြစ်သည်။ အင်ဂျင်နီယာပညာရပ်ကို ဇီဝဗေဒ၊ ဓာတုဗေဒ၊ ဂေဟဗေဒ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ၊ ဇလဗေဒစသည့်ဘာသာရပ်များနှင့်ပေါင်းစပ်၍ လေ့လာသင်ယူရသည့် သဘာဝပတ်ဝန်းကျင်အင်ဂျင်နီယာဘာသာရပ်သည် ပတ်ဝန်းကျင်အရည်အသွေးများ မြှင့်တင်ပေးရန်အတွက် အထူးအရေးပါသည့် ပညာရပ်အဖြစ် ကျယ်ပြန့်စွာလေ့လာသင်ယူနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ သစ်တောသစ်ပင်အခြေပြု အင်ဂျင်နီယာပညာရပ်ဖြင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုများ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်လာအောင် Naypyitaw State Polytechnic University ၌ အစပြုတည်ထောင် ဆောင်ရွက်နေပြီဖြစ်ရာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် အားပေးမြှင့်တင်ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၃-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၂-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၃-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀) နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၂) ဦး ရှိခဲ့ပြီး ၎င်းတို့အနက် (၁၉) ဦးမှာ ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာ ကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၃-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့် လူနာ (၉၁) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၃-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀) နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၄၅၅) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## "အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း"

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်း မပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အား တိကျစွာလိုက်နာဆောင်ရွက်ရန်။

## ပခုက္ကူတက္ကသိုလ်၌ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းကျင်းပ

ပခုက္ကူ ဇူလိုင် ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပခုက္ကူတက္ကသိုလ်တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က အဆိုပါတက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က စကားဝိုင်းကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းယုမော်က ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ နှင့် လူငယ်နှင့် တီထွင်ဆန်းသစ်ခြင်း ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးကြသည်။



ယင်းနောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကျောင်းသား ကျောင်းသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

မအူပင် ဇူလိုင် ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ပန်းတနော်မြို့နယ်တို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ပန်းတနော်မြို့နယ် ကျုံတုံးကြီးကျေးရွာအုပ်စု ဇီးဖြူစုကျေးရွာရှိ တောင်သူဒေါ်နီနီမိုး၏ လယ်မြေငါးကေ၌ ကျင်းပသည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး၊ ကြဲခင်းစနစ်ပပျောက်ရေးအတွက် စနစ်တကျပျိုးထောင်ကောက်စိုက်ပွဲအခမ်းအနားသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ရန်ကုန်-ပုသိမ် ကားလမ်းဘေးရှိ Top Dairy Farm နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိကာ နွားမွေးမြူရေးလုပ်ငန်းနှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ထနီထောင့်ကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) ရေကင်းစခန်း အမှတ်(၁၆)သို့ ရောက်ရှိပြီး တာတမံများအခြေအနေနှင့် ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ရေဘေးကာကွယ်ရေးတာတမံများ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု အစီအစဉ်အရ လွှင့်ထူရမည့် သတိပေးအချက်ပြအလံများကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံပေးအပ်၍ မီးသတ်ဦးစီးဌာနမှ မိုးရာသီရေဘေးရှာဖွေကယ်ဆယ်သရုပ်ပြမှုနှင့် ဇာတ်တိုက်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာအုပ်စု ငါးကြီးဂရက်ကျေးရွာရှိ တောင်သူဦးလှအောင်၏ လယ်မြေ ၁၆ ဧက၌ ဆင်းသုခစပါးမျိုးကို မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ရေဘေးကာကွယ်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် မအူပင်မြို့ တိုးရွှေဝါခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူမြို့နယ်တို့မှ တောင်သူများနှင့် တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆွေးနွေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်နေသော တောင်သူများကို သွင်းအားစုနှင့် မျိုးစေ့များပေးအပ်သည်။

ထို့နောက် ညောင်တုန်းမြို့ တဇင်ရေကျော်အုပ်စု အသင်းစုကျေးရွာရှိ အာရှသား ငါးမွေးမြူရေးကန်သို့ရောက်ရှိရာ တာဝန်ရှိသူများက ငါးမွေးမြူရေးလုပ်ငန်းနှင့် ထုတ်လုပ်ရောင်းချမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဆားမလောက်ကျေးရွာရှိ ပညာရောင်ခြည်စာကြည့်တိုက်သို့ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကျေးလက်စာကြည့်တိုက်များသို့ လှူဒါန်းသည့် စာအုပ်စာစောင်ပေးအပ်ပွဲသို့ တက်ရောက်ကာ ပညာရောင်ခြည်စာကြည့်တိုက်အတွက် ထောက်ပံ့ငွေများနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❒ ရှေ့ဖုံးမှ

"ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ကြီးကြပ်မှုနဲ့ ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ငမိုးရိပ်ချောင်း တူးဖော်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာလည်း ငမိုးရိပ်တမံရဲ့ ရေပိုလွှဲအထွက်ပိုင်းမှစပြီး ချောင်းအလျား ၂၂ မိုင်အထိအပိုင်းတွင် လက်ရှိချောင်းအကျယ်မှာ အချို့နေရာတွေမှာ ပေ ၂၀ မှ ပေ ၈၀ ခန့် သာရှိတော့တဲ့အတွက် ရေစီးရေလာ ကောင်းမွန်စေဖို့ သတ်မှတ်ချောင်း အကျယ်ပေ ၁၀၀ ထိ ရရှိအောင်တူးဖော်ခြင်း၊ ငမိုးရိပ်ချောင်းကို ဖြတ်ပြီး တည်ဆောက်ထားတဲ့ တံတားတွေရဲ့အောက်က မြေသားကျဉ်းမြောင်းတဲ့ နေရာတွေကို ပြန်လည်ချဲ့ထွင်ခြင်းနဲ့ လဲပြိုပြီး ပိတ်ဆို့နေတဲ့ သစ်ပင်နဲ့ချုံနွယ်တွေကို ဖယ်ရှားရှင်းလင်းတာတွေကိုပါ ဆောင်ရွက်ခဲ့ရပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးညဏ်စိုးက ပြောသည်။



ငမိုးရိပ်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

**၄၇ မိုင်ရှည်လျား**

ငမိုးရိပ်ချောင်းသည် လှည်းကူးမြို့နယ်အတွင်းရှိ ငမိုးရိပ်တမံမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ငမိုးရိပ်ရေတံခါးအထိ ၄၇ မိုင်ရှည်လျားပြီး ချောင်းမှာ တိမ်ကောကျဉ်းမြောင်းနေသဖြင့် ပြန်လည်တူးဖော်ရန် လိုအပ်သည့်ချောင်းအထက်ပိုင်း ၂၂ မိုင်ကို ပြန်လည်တူးဖော်ခဲ့ခြင်း ဖြစ်ကြောင်းနှင့် ကျန်ရှိသည့် ချောင်းအလျား ၂၅ မိုင်မှာ ချောင်းအကျယ်နှင့် အနက်ပြည့်မီပြီး ရေစီးဆင်းမှု ကောင်းမွန်နေဆဲဖြစ်၍ ပြန်လည်တူးဖော်ရန်မလိုအပ်သဖြင့် မူလချောင်းအတိုင်းသာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ငမိုးရိပ်တမံ၏ အောက်ဘက်တွင် ရေဆင်းဧရိယာ ၃၀၀ စတုရန်းမိုင်ရှိသည့် ငမိုးရိပ်ချောင်းအတွင်းသို့ အင်ဂေါက်ချောင်း၊ ဥယျာဉ်ချောင်း၊ ကနစိုချောင်း၊ ကဒီချောင်း၊ ဝါးဒလယ်ချောင်း၊ ကြပ်ချောင်း၊ ရဲဘက်ရိုး၊ ရွှေမယ်ရိုး၊ ကလီထော်ချောင်း၊ စာဘူးတောင်းရိုး၊ ကျားလူးရိုး၊ ခရိန်ချောင်း၊ ရှမ်းတဲကြီးချောင်း၊ မလစ်ချောင်း၊ ဝါးရုံတစ်ပင်ရိုး၊ ကွဲ့တလင်းရိုး၊ ဦးတိုက်ရိုး၊ ဦးဖီးရိုး၊ တော်တမတ်ရိုး၊ ကျူချောင်းရိုး၊ ဘားလားချောင်း စသည့် ချောင်း၊ ရိုး များစွာစီးဝင်သည်။

**စိုက်ပျိုးရေပေးဝေလျက်ရှိ**

ငမိုးရိပ်ချောင်းသည် ရန်ကုန်မြို့အတွင်းရှိ လှည်းကူးမြို့နယ်၊ ဒဂုံမြို့သစ်မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ် စသည့် မြို့နယ်ခုနစ်မြို့နယ်ကို ဖြတ်သန်းစီးဆင်းပြီး ပဲခူးမြစ်နှင့် ရန်ကုန်မြစ်ဆုံအတွင်းသို့ စီးဝင်သည်။ မြောက်ဥက္ကလာပမြို့နယ်အထိ လှေသဘော်များဝင်ရောက်နိုင်ပြီး ဒေသနေပြည်သူများအတွက် လူမှုစီးပွားနှင့် စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေသည့်အပြင် ငမိုးရိပ်တမံမှ ရန်ကုန်မြို့တော်သို့ နေ့စဉ် သောက်သုံးရေဂါလန်သန်း ၁၃၀ နှင့် နှစ်စဉ် စိုက်ပျိုးမြေ ၃၀၅၆၇ ဧကတို့ကို စိုက်ပျိုးရေပေးဝေလျက်ရှိသည်။

၁၉၉၅ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီးနောက်ပိုင်း ငမိုးရိပ်ချောင်း ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပထမဦးဆုံးအကြိမ် ပြန်လည်တူးဖော်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

## အထက(၂)တွံတေး၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲ ကျင်းပ

တွံတေး ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် အခြေခံပညာဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်ခင်မြချိုက အဖွင့်အမှာစကားပြောကြားကာ အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်ညွန့်က ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ အာဇာနည်နေ့ပေါ်ပေါက်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အကြောင်းကို ဟောပြောသည်။ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပြသထားသော အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ ဗိုလ်ချုပ်မိန့်ခွန်းများကို ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပရာ စာစီစာကုံးပြိုင်ပွဲတွင် ထက်၊ လယ်၊ မူ ၈၅ ဦး၊ ကဗျာပြိုင်ပွဲတွင် ထက်၊ လယ် ၁၈ ဦး၊ ပန်းချီပြိုင်ပွဲတွင်ထက်၊လယ်၊မူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သူ စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၃၁ ဦး ရှိကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ်အား စုပေါင်းတွေ့ဆုံပြီး ထိုင်း၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးများနှင့် သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နယူးဒေလီမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများ၏ သီးသန့်အစည်းအဝေးအတွင်း အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီအား အခြားသော ဘင်းမ်စတက်နိုင်ငံခြားရေးဝန်ကြီးများနှင့်အတူ ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ် အိမ်တော်၌ စုပေါင်းတွေ့ဆုံသည်။

**သီးခြားစီတွေ့ဆုံ**

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၁ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာမာရစ် ဆတ်ငီယမ်ဖုန်နှင့် လည်းကောင်း၊ ညနေ ၆ နာရီ ၁၅ မိနစ်တွင် အိန္ဒိယ ပြည်ပရေးရာဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာနှင့်လည်းကောင်း၊ ညနေ ၆ နာရီခွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်နှင့် လည်းကောင်း နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့်ထိုင်း နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ဘင်းမ်စတက်နှင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုမူဘောင်များအောက်တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်ဖောက်ကားမှုများ၊ လူကုန်ကူးမှုများ၊ အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးတို့တွင် ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှုများအပေါ် ကျေးဇူးတင် အသိအမှတ်ပြုကြောင်း ထည့်သွင်းပြောကြားခဲ့သည်။



**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အိန္ဒိယဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီတို့ နယူးဒေလီမြို့ရှိ အိန္ဒိယဝန်ကြီးချုပ် အိမ်တော်၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်စဉ်။

အိန္ဒိယပြည်ပရေးရာဝန်ကြီးနှင့်တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး ပေါင်းစည်းဆက်နွယ်ချိတ်ဆက်မှုလုပ်ငန်းများ၊ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးအတွက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်သွားရေး ကိစ္စရပ်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။



ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာမိုဟာမတ်ဟာဆန်မာမွတ်တို့ နယူးဒေလီမြို့ရှိ တာ့ဂျ်ပဲလေ့စ်ဟိုတယ်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

**ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံ**

ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးနှင့်တွေ့ဆုံစဉ် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ ပြည်သူအချင်းချင်းထိတွေ့ဆက်ဆံရေး အပါအဝင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် ကုန်သည်ကြီးများ အသင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် ဝန်ကြီးနှစ်ဦးသည် ဘင်းမ်စတက်မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးအပေါ် ထည့်သွင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမိုးကျော်အောင်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ညွှန့်ဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် မြို့နယ်အဆင့် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပန်းချီနှင့် ကဗျာပြိုင်ပွဲများကို ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း မြတ်ခရေခန်းမ၌ ကျင်းပသည်။



**ဝင်ရောက်ယှဉ်ပြိုင်**

ယင်းပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများက စာစီစာကုံး ၆၉ ဦး၊ ကဗျာ ၂၂ ဦးနှင့် ပန်းချီ ၅၂ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မို့မို့ခိုင်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## ကျောင်းကုန်းမြို့နယ်၌ ဗီယက်နမ်နိုင်ငံထုတ် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပွဲကျင်းပ

**ကျောင်းကုန်း ဇူလိုင် ၁၃**

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၃) ရပ်ကွက် တောင်သူ ဦးညိုဝင်း ကွင်းအမှတ် ၄၁၀/C၊ ဦးပိုင်အမှတ် ၁၁၄(က)/၂ သုံးဧကရှိ လယ်မြေ၌ ဆင်းသုခ RS စပါးမျိုးအား အတန်းလိုက်စနစ်ဖြင့် ကောက်စိုက်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ စိုက်ပျိုးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူများ ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျောင်းကုန်းမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စုသို့ရောက်ရှိကာ တောင်သူ ဦးမျိုးမင်းဇော်၏ ကွင်းအမှတ် ၃၈၄/D၊ ဦးပိုင်အမှတ် ၁၇/၅၊ ၂၈ ဒသမ ၆၇ ဧကရှိလယ်မြေပေါ်တွင် ဆင်းသုခ RS စပါးမျိုးအား စက်မှုဇုန်ထုတ်စက်တစ်စီး၊ ဗီယက်နမ်နိုင်ငံထုတ်စက်တစ်စီး စုစုပေါင်း ကောက်စိုက်စက် နှစ်စီးဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၃

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပမည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန် မော်စကိုမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့်အတူ လေဆိပ်ဧည့်ခန်းမ၌ National University Of Science and Technology (MISiS) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သံမဏိထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ လွှဲပြောင်းလက်ခံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲအား လေ့လာကြည့်ရှုစဉ်။

**ကြိုဆိုနှုတ်ဆက်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပမည့် ယီကာကျီရင်ဘတ်မြို့သို့ ရောက်ရှိရာ ဆဗျဲလော့ဗ်ပြည်နယ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးနှင့် ဆက်သွယ်ဆောင်ရွက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စစ်လူဒ်မီလာဗော့ချ် (Mrs. Lyudmila Borg)က ကြိုဆိုနှုတ်ဆက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် ကုန်စည်ပြပွဲ "အင်နိုပရွန်-၂၀၂၄" (ပြပွဲပထမရက်)သို့ တက်ရောက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံရှိ ဒေသအသီးသီးမှ ခင်းကျင်းပြသထားသည့် သံနှင့်သံမဏိတူးဖော်ရေးနှင့် ထုတ်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းများ၊ သံနှင့်သံမဏိထွက်ကုန်များ၊ လေထုသန့်စင်ရေးပစ္စည်းများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါရှာဖွေရေး စမ်းသပ်ပစ္စည်းများအပြင် အာရပ်စော်ဘွားများပြည်ထောင်စု၊ ဆေးဝါးကုမ္ပဏီများမှ လာရောက်ခင်းကျင်းပြသထားသည့် ဆေးဝါးနှင့် ဆေးဘက်ဆိုင်ရာကိရိယာပစ္စည်းများကို လိုက်လံလေ့လာကြည့်ရှုကြသည်။ ထို့ပြင် အာရပ်စော်ဘွားများပြည်ထောင်စုမှ ဆေးဝါးကုမ္ပဏီများနှင့် အလားအလာရှိသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဆဗျဲလော့ဗ်ပြည်နယ် အုပ်ချုပ်ရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာစားပွဲ အခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov)နှင့် နိုင်ငံပေါင်း ၂၀ ကျော်မှ စက်မှုဝန်ကြီးများနှင့်အတူ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲနှင့်အတူ ကျင်းပသည့် ကမ္ဘာ့စီးပွားရေး၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ခေါင်းစဉ်ဖြင့် ပြုလုပ်သည့် ကွန်ဖရင့်သို့ တက်ရောက်ပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ကာဂျစ်သမ္မတနိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီး၊ ကာဇက်စတန်သမ္မတနိုင်ငံ စက်မှုနှင့်ဆောက်လုပ်ရေးဝန်ကြီး၊ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ စက်မှုနှင့် နည်းပညာသစ်များဆိုင်ရာဝန်ကြီး၊ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး၊ ဘီလာရုစ် သမ္မတနိုင်ငံ စက်မှုဝန်ကြီးတို့နှင့်အတူ မြန်မာနိုင်ငံနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံများအကြား အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ထားရှိမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် "အင်နိုပရွန်-၂၀၂၄" ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ညနေပိုင်းတွင် အဆိုပါပြပွဲအဆောက်အအုံရှိ အစည်းအဝေးခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး မစ္စတာ အန်သွန် အလီဟာနော့ဗ် (Mr. Anton Alikhanov) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံအကြား စက်မှုလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)အား အပြီးသတ်တည်ဆောက်လည်ပတ်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ ဆေးဝါးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ကုန်ကြမ်းများကိုလည်း ရုရှားနိုင်ငံမှ တင်သွင်းလိုကြောင်း၊ စားသုံးဆီ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းများတွင်လည်း နှစ်ဖက်အကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လိုပါကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၀ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ဆဗျဲလော့ဗ်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးနှင့် တွေ့ဆုံ၍ အဆင့်မြင့်ပညာရေးနယ်ပယ်၊ ဆေးဝါးထုတ်လုပ်ရေးနယ်ပယ်၊ တစ်ဦးချင်း အရည်အသွေးမြှင့် သင်တန်းများ၊ စက်မှုနှင့်ကုန်ထုတ်လုပ်ရေးနယ်ပယ်နှင့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်၊ အထည်ချုပ်လုပ်ငန်းတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ ဆေးဝါးများ ပူးပေါင်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကျိုးဖြစ်ထွန်းမည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၁ ရက်တွင် (၁၄) ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ ကျင်းပသည့် ယီကာကျင်ရင်ဘတ်မြို့မှ ပြန်လည်ထွက်ခွာကြပြီး ဒေသစံတော်ချိန် နံနက် ၉ နာရီ ၅၅ မိနစ်တွင် မော်စကိုမြို့သို့ ရောက်ရှိကြကာ လေဆိပ်ဧည့်ခန်းမဆောင်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနနှင့် JSC "VO Tyazhpromexport" (TPE)တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ရန် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုလေဆိပ်မှ ဆက်လက်ထွက်ခွာကြပြီး ရန်ကုန်မြို့သို့ ဇူလိုင် ၁၂ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိရာ စက်မှုဝန်ကြီးဌာနမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ဒုတိယကုန်သွယ်ရေး ကိုယ်စားလှယ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယီကာကျီရင်ဘတ်မြို့၌ ကျင်းပသည့် (၁၄)ကြိမ်မြောက် စက်မှုကုန်စည်ပြပွဲ တက်ရောက်ရန်အတွက် ပြည်ထောင်စုဝန်ကြီးနှင့်အတူလိုက်ပါခဲ့သည့် အဖွဲ့ဝင်နှစ်ဦးလည်း ပြန်လည်လိုက်ပါလာကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်၌ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



မော်လမြိုင် ဇူလိုင် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၂ ရက်က ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် မွန်ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြည်နယ်ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်မြင့်ဦးက ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့မှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊ မွန်ပြည်နယ်အတွင်းရှိ ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ဆက်လက်ပြီး မွန်ပြည်နယ် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# ကြည့်မြင်တိုင်မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၌ အာဇာနည်နေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံး၊ ဆောင်းပါး၊ ကဗျာအရေးပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း စကားဖြူခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြို့နယ်ပညာရေးမှူးဒေါ်သန်းသန်းမော်၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သဘာဝဘေးအန္တရာယ် စုစည်းညီညွတ်မှုဖြင့်ကာကွယ်

ကိုယဉ်ချစ် (မန္တလေး)

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ သဘာဝဘေးအန္တရာယ်တွေကို နှစ်စဉ် ရင်ဆိုင်ခံစားနေကြရပါတယ်။ သဘာဝဘေးအန္တရာယ်ဆိုတာ ဖယ်ရှားပစ်လို့မရ၊ ရပ်တန့်ထားလို့မရ၊ တားဆီးလို့လည်းမရပါ။ ရာသီဥတုဖောက်ပြန်မှုနဲ့ လူသားတွေရဲ့ ပယောဂအချို့ကြောင့် သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပေါ်တတ်ပါတယ်။ ဖြစ်ပေါ်လာပြီဆိုရင်လည်း အနည်းနဲ့အများ ဆုံးရှုံးနစ်နာမှုတွေ ခံစားကြရပါတယ်။

အရင်တုန်းကတော့ သဘာဝဘေးအန္တရာယ်တွေကို ခံစားရဖူးခဲ့တဲ့ အတွေ့အကြုံတွေ၊ တိရစ္ဆာန်တွေရဲ့ သဘာဝအတိုင်း နေထိုင်လှုပ်ရှားမှုတွေကိုကြည့်ပြီး ကြိုတင်သိရှိနိုင်ခဲ့ကြပါတယ်။ ဥပမာ– မိုးဦးရာသီမတိုင်မီမှာ ငှက်တွေ အသိုက်ကို ခပ်မြင့်မြင့်မှာဆောက်ရင် မိုးခေါင်မယ်။ အနိမ့်ပိုင်းမှာဆောက်ရင် မိုးများမယ်လို့ မှတ်သားထားကြပြီး လိုအပ်တာတွေ ကြိုတင်ပြင်ဆင်မှုတွေကို ဆောင်ရွက်ကြပါတယ်။ သဘာဝတရားတွေကို အတွေ့အကြုံတွေနဲ့ပေါင်းစပ်ဆောင်ရွက်ချက်တွေဟာ အနီးစပ်ဆုံး မှန်ကန်ခဲ့ပါတယ်။

မျက်မှောက်ကာလ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာခေတ်မှာ သဘာဝဘေးအန္တရာယ်တွေ မဖြစ်ပေါ်ခင်မှာ အနီးစပ်ဆုံးအခြေအနေတွေကို ကြိုတင်သိလာရပါတယ်။ နည်းပညာတွေကြောင့် မိုးလေဝသနဲ့ ဇလဗေဒ ခန့်မှန်းချက်တွေအရ အနီးစပ်ဆုံး ကြိုတင်ခန့်မှန်းသိရှိလာပါတယ်။ ဒါပေမဲ့ တိကျခိုင်မာတဲ့ အသေးစိတ်တွေကို သိနိုင်ဖို့ကတော့ လိုအပ်နေပါသေးတယ်။

သဘာဝဘေးအန္တရာယ်ဆိုတာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုနဲ့ လူသားတွေရဲ့ ပြုမူဆောင်ရွက်ချက်တွေကြောင့်လည်း ဖြစ်ပွားတတ်ပါတယ်။ ယေဘုယျအနေနဲ့ မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေးစတာတွေ ဖြစ်ပါတယ်။ ဒီသဘာဝဘေးအန္တရာယ်တွေဟာ လူသားအားလုံးရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို အချိန်ပိုင်းအတွင်းမှာ ပျက်စီးဆုံးရှုံးနိုင်ပါတယ်။

**မီးဘေး**

လူဦးရေတိုးပွားလာမှု၊ စက်မှုနည်းပညာတွေ တိုးတက်လာမှုတွေနဲ့အတူ မီးဘေးအန္တရာယ် ဖြစ်ပေါ်မှုတွေ ပိုမိုများပြားလာတာကို တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ် မီးလောင်မှုတွေနဲ့ မီးဘေးကြောင့် ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပွားလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ၁၀ နှစ်တာကာလအတွင်းမှာ မီးလောင်မှုအကြိမ်ပေါင်း ၁၈၀၀၀ ခန့် ဖြစ်ပွားခဲ့ကာ ဆုံးရှုံးမှုတန်ဖိုး ၁၈၇ ဘီလီယံကျော်ခန့်ရှိခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းလုံး ပျမ်းမျှအနေနဲ့ တစ်နှစ်ကို အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ပျက်စီးဆုံးရှုံးမှု တန်ဖိုးဟာလည်း တစ်နှစ်ကို ၁၈ ဘီလီယံကျော် ရှိနေတယ်လို့ လေ့လာသိရှိရပါတယ်။ မီးဘေးဖြစ်ပွားမှုဖြစ်စဉ်တွေဟာ ၁၉၈၀ ပြည့်နှစ်မတိုင်မီက တစ်နှစ်ကို ပျမ်းမျှအကြိမ် ၆၀ ခန့်၊ ၂၀၀၅ ခုနှစ်မှာ အကြိမ် ၂၄၀ ခန့်နဲ့ ၂၀၁၅ ခုနှစ်မှာ ၅၄၇ ကြိမ် ဖြစ်ပွားခဲ့တယ်လို့ လေ့လာသိရှိရပါတယ်။ မီးဘေးအန္တရာယ်ဟာ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပွားနေမှုတွေနဲ့အတူ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ထိခိုက်ဆုံးရှုံးမှုတွေပါ ဖြစ်ပေါ်နေတာကို သတိပြုကြရမှာဖြစ်ပါတယ်။

မီးဘေးအန္တရာယ်ဆိုတာ အချိန်မရွေး၊ နေရာမရွေး၊ အကြောင်းမရွေး ဖြစ်ပွားတတ်ပါတယ်။ မီးလောင်မှုဖြစ်စဉ်တွေကိုကြည့်ရင် ပေါ့ဆမီး၊ လျှပ်စစ်မီး၊ မီးဖိုမီး၊ မသမာသူရှို့မီး၊ တောမီး၊ အလိုအလျောက်မီးဆိုပြီး ဖြစ်ပွားတတ်ပါတယ်။ မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေး၊ ကြိုတင်ကာကွယ်ရေးနဲ့ မီးလောင်မှုဖြစ်ပွားလာရင် ငြိမ်းသတ်နိုင်ဖို့ကြိုတင်ကာကွယ်ရေး၊ အသိပညာပေးလုပ်ငန်းတွေကို ရာသီမရွေး စီမံဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။

**ရေဘေး**

ရေဘေးကလည်း သဘာဝဘေးအန္တရာယ်တစ်ခု ဖြစ်ပါတယ်။ အများအားဖြင့် မိုးရာသီမှာ တောင်ပေါ်ဒေသချောင်းဖျား၊ မြစ်ဖျားတွေမှာ မိုးကြီးရင် လျှပ်တစ်ပြက်ရေကြီးမှု၊ ရေလျှံမှုတွေ၊ ရေတိုက်စားမှုတွေ ဖြစ်ပေါ်တတ်ပါတယ်။ မြစ်ဖျား ချောင်းဖျားတွေနဲ့ မြစ်ချောင်းအင်းအိုင်ပတ်ဝန်းကျင်မှာ နေထိုင်ကြတဲ့ ပြည်သူတွေအနေနဲ့ မိုးရာသီမတိုင်မီကတည်းက ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ထားကြဖို့ လိုပါတယ်။

**မုန်တိုင်းဘေး**

သဘာဝဘေးအန္တရာယ်တွေထဲက မုန်တိုင်းဘေးဟာ ထိခိုက်ဆုံးရှုံးမှုအတိုင်းအတာ များပြားတတ်ပါတယ်။ မြန်မာနိုင်ငံမှာ ဆိုင်ကလုန်းမုန်တိုင်းတွေဟာ ၁၉၆၈ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၁၄ ကြိမ်ဖြစ်ပွားခဲ့တယ်လို့ ဆိုပါတယ်။ ၁၉၉၄ ခုနှစ်က ရခိုင်ပြည်နယ်မှာ တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းနဲ့ ၂၀၀၈ ခုနှစ်က ဧရာဝတီတိုင်းမှာ တိုက်ခတ်ခဲ့တဲ့ မုန်တိုင်းတွေရဲ့ လေတိုက်နှုန်းဟာ တစ်နာရီကို ၁၄၅ မိုင်ရှိခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က အလွန့်အလွန်အားကောင်းတဲ့ ဆိုင်ကလုန်းမုန်တိုင်း မိုခါဟာ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးက ဖြတ်ကျော်ဝင်ရောက်ပြီး ရခိုင်ပြည်နယ်အတွင်းက မြို့နယ် ၁၇ မြို့နယ်နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၁ ခုမှာ သဘာဝဘေးအန္တရာယ်တွေ ကျရောက်ခဲ့ပါတယ်။

တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၁ ခုမှာ ရပ်ကွက်/ ကျေးရွာ ၁၀၆၈ ရွာက လူနေအိမ်ခြေ ၄၄၉၂၈ လုံး၊ သာသနိကအဆောက်အအုံ ၃၇၆ လုံး၊ ဘုန်းတော်ကြီးကျောင်း ၅၉ ကျောင်း၊ စာသင်ကျောင်း ၄၃၉ ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း ၅၉ ခု၊ ဆက်သွယ်ရေးတာဝါတိုင် ၁၁ ခု၊ ဓာတ်မီးတိုင် ၁၁၉ တိုင်၊ ထရန်စဖော်မာ ငါးခု၊ ဈေးတစ်ဈေး၊ လေဆိပ်နှစ်ခု၊ ဌာနဆိုင်ရာအဆောက်အအုံ ၁၅၈ လုံး ပျက်စီးခဲ့ပြီး ဒေသခံပြည်သူ ၄၈ ဦး အသက်ဆုံးရှုံးခဲ့ရတယ်လို့ ၂၀၂၃ ခုနှစ် မေလ ၁၇ ရက်နေ့ မွန်းလွဲပိုင်းအထိ ရရှိတဲ့သတင်းတွေအရ သိရှိရပါတယ်။ မုန်တိုင်းအန္တရာယ်ဟာ အများဆုံးထိခိုက်ပျက်စီး ဆုံးရှုံးရတတ်တာမို့ မြန်မာနိုင်ငံ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက မုန်တိုင်းဖြစ်ပေါ်နိုင်ခြေတွေ တွေ့ရှိရရင် အချိန်နဲ့တစ်ပြေးညီ မိုးလေဝသသတင်းတွေကို ထုတ်ပြန်ပေးလျက်ရှိပါတယ်။ မုန်တိုင်းအန္တရာယ်ကို ပြည်သူတွေ အလွယ်တကူ နားလည်စေဖို့အတွက် အရောင်တွေနဲ့ သတိပေးစနစ်တွေကို ထုတ်ပြန်ပေးလျက်ရှိပါတယ် –

(၁) **အဝါရောင်** = ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်တွင် မုန်တိုင်းများဖြစ်ပေါ်နေပြီဖြစ်သည်။ မုန်တိုင်း၏ အခြေအနေကို သတိထားနားစွင့်ပါ။

(၂) **လိမ္မော်ရောင်** = မုန်တိုင်း သည် မြန်မာ့ကမ်းရိုးတန်းသို့ဦးတည်နေသည်။ မုန်တိုင်းသည် မိမိတို့နေထိုင်ရာ ဒေသဆီသို့ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ပြောင်းလဲမှုဖြစ်စဉ်ကို အထူးသတိထားစောင့်ကြည့်ပါ။

(၃) **အနီရောင်** = မုန်တိုင်း သည် ကမ်းရိုးတန်းသို့ ၁၂ နာရီအကြာတွင် ရောက်ရှိလာမည်ဖြစ်ပြီး အန္တရာယ်ရှိနိုင်သည်။ လုံခြုံစိတ်ချရသောနေရာသို့ ပြောင်းရွှေ့နေရာယူပါ။

(၄) **အညိုရောင်** = မုန်တိုင်းအန္တရာယ် ကျရောက်နေသည်။ လုံခြုံစိတ်ချရသည့်နေရာတွင် ခိုလှုံနေပါ။

(၅) **အစိမ်းရောင်** = မုန်တိုင်း အားပျော့ပျက်ပြယ်သွားပြီ။ မိမိနေအိမ်သို့ ပြန်နိုင်ပြီလို့မှတ်သားရပါတယ်။

အခြား သဘာဝဘေးအန္တရာယ်တွေကတော့ မြေပြိုဘေး၊ မိုးကြိုးဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မိုးခေါင်ရေရှားဘေးတွေ ဖြစ်ပါတယ်။

**ငလျင်ဘေး**

ငလျင်ဘေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံအတွင်းမှာ စစ်ကိုင်းပြတ်ရွေ့ကြောလို ငလျင်ဇုန်မှာတည်ရှိနေတဲ့ ဒေသတွေက ပြည်သူတွေဟာ ငလျင်လှုပ်နေချိန်မှာ ပြုမူနေထိုင်ရမယ့် နည်းလမ်းတွေကို မိသားစုအပါအဝင် ပတ်ဝန်းကျင်ကိုပါ အသိပေးထားရပါမယ်။ ငလျင်လှုပ်နေစဉ်မှာ ဝပ်၊ ကာ၊ ကိုင် ဆိုတဲ့ သတိပေးချက်အတိုင်း ဘေးအန္တရာယ်ကင်းသောနေရာမှာဝပ်နေပါ။ ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်အောက်မှာ မိမိကိုယ်ကို အကာအကွယ်ယူပါ။ ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင်များကို မြဲမြဲစွာကိုင်ထားပါဆိုတဲ့ အသိပညာပေးလုပ်ငန်းစဉ်တွေအတိုင်း လိုက်နာကြဖို့ လိုပါတယ်။

**မိုးခေါင်ရေရှားဘေး**

မိုးခေါင်ရေရှား ဘေးအန္တရာယ်ကတော့ ပူပြင်းခြောက်သွေ့တဲ့ကာလရှည်ကြာပြီး အပူချိန်တွေထူးကဲစွာ မြင့်မားလာပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း ကမ္ဘာ့အပူချိန်အမြင့်ဆုံး ၁၅ မြို့စာရင်းမှာ မြန်မာနိုင်ငံမှ ချောက်မြို့၊ မကွေးမြို့၊ မင်းဘူးမြို့နဲ့ ညောင်ဦးမြို့တွေ ပါဝင်လာခဲ့ပါတယ်။ ၂၀၂၄ ခုနှစ် မေလအလယ်အထိ မိုးလေဝသတိုင်းထွာရေးစခန်းပေါင်း ၃၀ ရဲ့ တိုင်းထွာချက်တွေအရ စုစုပေါင်းအကြိမ်ရေ ၅၀ ခန့် အပူချိန်စံချိန်သစ်တွေ ဖြစ်ပေါ်ခဲ့ကြောင်း သိရပါတယ်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံတွေမှာ အယ်လ်နီညိုနဲ့ လာနီညာဆိုတဲ့ အစွန်းရောက် ရာသီဥတုဖြစ်စဉ်တွေရဲ့ သက်ရောက်မှုကို ခံစားနေရပါတယ်။ အယ်လ်နီညိုနဲ့ လာနီညာတွေဟာ ပုံမှန်ရာသီဥတုတွေကို ဖောက်လွဲဖောက်ပြန်ဖြစ်စေတဲ့ သဘာဝဖြစ်ရပ်တွေဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာ အရှေ့ဘက်ကမ်းခြေဒေသတွေရဲ့ ရာသီဥတုကိုသာမကဘဲ အာရှတိုက်တောင်ပိုင်း ကမ်းခြေတွေအထိပါ ဆက်စပ်ဖြစ်ပေါ်နိုင်တယ်လို့ မိုးလေဝသပညာရှင်တွေက ဆိုထားပါတယ်။ အယ်လ်နီညိုရဲ့သက်ရောက်မှုကြောင့် ၂၀၂၄ ခုနှစ် နွေရာသီမှာ ကမ္ဘာတစ်ဝန်း ပူပြင်းခြောက်သွေ့မှု၊ မိုးခေါင်ရေရှားမှု၊ စာမျက်နှာ ၇ သို့ ✪



ဇူလိုင်လ ၅ ရက်နေ့က ကချင်ပြည်နယ် တနိုင်းမြို့အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

> **“သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်း၊ ၂၀၂၃ ခုနှစ် မေလကဖြစ်ပွားခဲ့တဲ့ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်ခဲ့ရပြီးဖြစ်လို့ အတွေ့အကြုံတွေလည်း ရခဲ့ပြီးပါပြီ။ ယမန်နှစ်က မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန်မှာ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပေမယ့် နိုင်ငံတော်အစိုးရက ကြိုတင်စီမံဆောင်ရွက်ခဲ့တာတွေ၊ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ဆုံးရှုံးမှုတွေ နည်းပါးစေခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေရဲ့ စုစည်းညီညွတ်မှုစွမ်းအားတွေ ပေါင်းစည်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လိုအခက်အခဲ၊ အဟန့်အတားတွေကိုမဆို ကျော်လွှားနိုင်တယ်ဆိုတာ တွေ့ကြုံခဲ့ရပြီးဖြစ်”**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း နေပြည်တော်ကောင်စီနယ်မြေအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၏ လုပ်ငန်းဆောင်ရွက်မှုနှင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၏ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဒက္ခိဏသီရိမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ ဓာတ်အားသုံးစွဲမှုနှင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ မီတာဘေလ်ငွေကောက်ခံနေမှု၊ မီးသုံးစွဲသူ ပြည်သူများအပေါ် ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးနေမှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုထံသို့ ဓာတ်အားဖြန့်ဖြူးပေးပို့ရာတွင် ဗို့အားပြည့်ဝ တည်ငြိမ်ပြီး အရည်အသွေးပြည့်ဝသည့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးပို့နိုင်ရေး၊ ဓာတ်အားစနစ် တည်ငြိမ်တိုးတက် ကောင်းမွန်စေရေး၊ ဓာတ်အားစဉ်ဆက်မပြတ် ဖြန့်ဖြူးပေးနိုင်ရေးနှင့်ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေးတို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံသုံး ဆက်စပ်ပစ္စည်းများကို စနစ်တကျ စစ်ဆေးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့လုပ်ငန်းသည် ပြည်သူကို ဝန်ဆောင်မှုပေးရသည့် လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူကို အကောင်းဆုံးဝန်ဆောင်မှုပေးရန်နှင့် နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်ဆုံးရှုံးမှု မရှိစေရေး ဂရုစိုက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံသုံးပစ္စည်းများနှင့် ရုံးလုပ်ငန်းသုံးပစ္စည်းများကို စနစ်တကျထိန်းသိမ်းထားရှိရန်နှင့် ဆက်လက်သုံးစွဲရန် မသင့်တော့သည့် ပစ္စည်းများကိုလည်း သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ စာရင်းမှပယ်ဖျက်၍ ဝင်ငွေပြန်လည်ရရှိရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ မိမိတို့ဝန်ထမ်းအိမ်ရာများ၊ ဓာတ်အားခွဲရုံများနှင့် ရုံးပတ်ဝန်းကျင်ကို သန့်ရှင်းသာယာလှပရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်သွားရန်နှင့် သီးပင်စားပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးသွားရန်မှာကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးအတွင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံများသို့ သွားရောက်ပြီး မြို့တွင်းနှင့်အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အောင်ဇေယျာထွန်း သမဝါယမအသင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်တွင် "အောင်ဇေယျာထွန်း" သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက အသင်းရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ "အောင်ဇေယျာထွန်း" သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များအား အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအားအဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အဆိုပါ "အောင်ဇေယျာထွန်း" သမဝါယမအသင်း လီမိတက်က အစည်းအဝေးတက်ရောက်လာသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် လာအိုနိုင်ငံ Laosat သို့ ရောက်ရှိလေ့လာ

ရန်ကုန် ဇူလိုင် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လာအိုနိုင်ငံ Lao Asia Pacific Satellite Company Limited ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံရှိ ရုပ်မြင်သံကြားကဏ္ဍနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမို အားကောင်းလာစေရန်နှင့် မြန်မာ- လာအို နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးတို့အတွက် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့သို့ ရောက်ရှိစဉ် ဇူလိုင် ၁၂ ရက် နံနက်ပိုင်း၌ LaoSat သို့ ရောက်ရှိရာ Laosat မှ CEO Mr. Wu Fangjie နှင့်အဖွဲ့က လာအိုနိုင်ငံတွင် Laosat စတင်တည်ဆောက်ခဲ့မှုနှင့် ဆောင်ရွက်ပုံ အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး လာအိုနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံပူးပေါင်း၍ LaoSat ဂြိုဟ်တုလွှင့်တင်ခဲ့မှု၊ ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် ဒစ်ဂျစ်တယ် အစရှိသည်များ ထုတ်လွှင့်ဆောင်ရွက်သည့် နည်းစနစ်များ ရင်းနှီးမြှုပ်နှံမှုနှင့် ပညာရေးအပါအဝင် လူမှုအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို အပြန်အလှန်ဆွေးနွေးကြသည်။



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၁၃ ရက် နံနက်ပိုင်းတွင် လာအိုနိုင်ငံမှ ပြန်လည်ထွက်ခွာရာ လာအိုနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးအောင်ကိုက လေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ပြီး ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## မင်းကင်းမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပ

မင်းကင်း ဇူလိုင် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဆောင်၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို အခြေခံပညာအထက်တန်းကျောင်း စကားဝါခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရန်နိုင်ထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာဇေယျထင်(မင်းကင်း) ဦးကျော်ကျော် ဦးဆောင်၍ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့်စာပေ" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြပြီး အဆိုပါ ကျောင်းသား ကျောင်းသူတို့အား မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကျင်ငိုက်မန်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက်အခမ်းအနား တက်ရောက်လာကြသူများအား "စာဖတ်ခြင်း၏ အကျိုးငါးဆယ်" စာစောင်အား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းကင်း(ပြန်/ဆက်)

❂ စာမျက်နှာ ၆ မှ

တောမီးလောင်မှု၊ မီးတောင် ပေါက်ကွဲမှု၊ စိုက်ဆင်းလေပြင်းတိုက်ခတ်မှု၊ ရေကြီး ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ဒါကြောင့် မိမိတို့နိုင်ငံအနေနဲ့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ကြိုတင်စီမံဆောင်ရွက်ထားကြရမှာဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ် ကျရောက်နိုင်တဲ့ ပြည်သူတွေအနေနဲ့လိုအပ်တဲ့ ပြင်ဆင်မှုတွေကို ကြိုတင်ဆောင်ရွက်ထားကြဖို့ လိုအပ်ပါတယ်။ ရေနဲ့ ဓာတ်ဆား၊ ကြာရှည်ခံအစားအစာတွေ၊ ရှေးဦးသူနာပြုပစ္စည်းတွေနဲ့ သုံးစွဲနေတဲ့ဆေးဝါးတွေ၊ အရေးပေါ်ခြုံစောင်၊ အဝတ်အစား၊ ရေစိုခံမိုးကာ၊ အကြမ်းခံဖိနပ်၊ ဘက်ထရီအား အပြည့်ရှိတဲ့ ဖုန်း/ ရေဒီယို၊ လက်နှိပ်ဓာတ်မီး / မီးအိမ်နှင့် ဓာတ်ခဲအပို၊ ဘက်စုံသုံး အိတ်ဆောင်ဓား/ ကြိုး၊ ဖရောင်းတိုင်/ မီးခြစ်၊ အခြားသူများ အာရုံစိုက်မှုရစေရန်လိုအပ်တဲ့ ဝီစီ၊ တစ်ကိုယ်ရေသုံး ဆပ်ပြာ / သွားတိုက်ဆေး၊ ရေစိုခံအိတ်နဲ့ထည့်ထားတဲ့ အရေး ကြီးစာရွက်စာတမ်း/ ငွေသားနဲ့ ကလေးတွေရဲ့ကျောင်းသုံးပစ္စည်းတွေကို ပေ့ါပါးပြီး ရေစိုခံကာ သယ်ယူရလွယ်ကူတဲ့ အိတ်နဲ့ အသင့်ထည့်ထားပြီး ပြင်ဆင်ထားဖို့လိုအပ်ပါတယ်။

သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့တဲ့ နာဂစ်မုန်တိုင်း၊ ၂၀၂၃ ခုနှစ် မေလက ဖြစ်ပွားခဲ့တဲ့ မိုခါမုန်တိုင်းအပါအဝင် သဘာဝဘေးအန္တရာယ်တွေကို ရင်ဆိုင်ခဲ့ရပြီးဖြစ်လို့ အတွေ့အကြုံတွေလည်း ရခဲ့ပြီးပါပြီ။ ယမန်နှစ်က မိုခါမုန်တိုင်းဖြစ်ပေါ်ခဲ့ချိန်မှာ ပျက်စီးဆုံးရှုံးမှုတွေရှိခဲ့ပေမယ့် နိုင်ငံတော်အစိုးရက ကြိုတင်စီမံဆောင်ရွက်ခဲ့တာတွေ၊ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ဆုံးရှုံးမှုတွေ နည်းပါးစေခဲ့ပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ ပြည်သူတွေရဲ့ စုစည်းညီညွတ်မှုစွမ်းအားတွေ ပေါင်းစည်းဆောင်ရွက်ကြမယ်ဆိုရင် ဘယ်လိုအခက်အခဲ၊ အဟန့်အတားတွေကိုမဆို ကျော်လွှားနိုင်တယ်ဆိုတာ တွေ့ကြုံခဲ့ရပြီးဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတစ်ရပ်လုံးက သဘာဝဘေးအန္တရာယ်တွေ မဖြစ်ပေါ်ခင်မှာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို အလေးထားဆောင်ရွက်ထားကြဖို့နဲ့ သဘာဝဘေးအန္တရာယ်တွေ ကြုံတွေ့လာခဲ့ရင် စုစည်းညီညွတ်မှုစွမ်းအားနဲ့ တုံ့ပြန်အနိုင်ယူနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။ ။

**ကိုးကား**

**- ဘေးအန္တရာယ် ပညာပေးစာအုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန**

**- နေ့စဉ်ထုတ်သတင်းစာများ**

# နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့ပြီး အမည်မည်းစာရင်း(Black Lists )တွင် ပါဝင်နေသူများအား ဖြေလျှော့ပေးမည်

**နေပြည်တော် ဇူလိုင် ၁၃**

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်းအချို့သည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်ပြုချက်မရရှိဘဲ လုပ်ငန်းခွင်ကို စွန့်ခွာသွားကြသည့်အတွက် သက်ဆိုင်ရာဌာနများ၏ အမည်မည်းစာရင်း(Black Lists)တွင် ပါဝင်လျက်ရှိနေခြင်းကြောင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ဆုံးရှုံးမှုများ ဖြစ်ပေါ်သည့်အပြင် ကာယကံရှင်များ၏ လူမှုဘဝများလည်း နစ်နာလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါနစ်နာမှုများအား ကုစားပေးနိုင်ရန်အလို့ငှာ ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းခြင်းရာအပေါ် မူတည်၍ အမည်မည်းစာရင်း(Black Lists)မှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ဥပဒေဘောင်အတွင်း နေထိုင်သွားလာနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ပါသဖြင့် ၁၅ - ၇ - ၂၀၂၄ ရက်မှစ၍ အဆိုပါဝန်ထမ်းများသည် မိမိတို့ ရောက်ရှိနေသည့် နေရာတွင်ရှိသော ယခင်တာဝန်ထမ်းဆောင်ခဲ့သည့် ဌာန၏ရုံးများသို့ လည်းကောင်း၊ နီးစပ်ရာ မြို့နယ်ခွဲ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့လည်းကောင်း၊ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့လည်းကောင်း ပြန်လည်သတင်းပို့ကြပါရန် ထုတ်ပြန်ကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း(ဟောင်လိတ်)၌ ကျင်းပသည့် ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**တာချီလိတ် ဇူလိုင် ၁၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ဟောင်လိတ်)၌ ကျင်းပသည့် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်မှုအခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။



**ပြောကြား**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်းဆိုသည်မှာ မိမိတို့ရပ်ရွာတွင် ရာသီကာလအလိုက်ဖြစ်ပွားတတ်သော သဘာဝဘေးများနှင့်စပ်လျဉ်းပြီး အမြဲအသင့်ရှိနေစေရေး၊ ဘေးလွတ်ရာသို့ အမြန်ဆုံးရှောင်တိမ်းနိုင်ရေးတို့အတွက် အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များနှင့် ပြည်သူများပူးပေါင်း၍ သဘာဝဘေးအန္တရာယ် မကျရောက်မီအဆင့်တွင် ကြိုတင်ပြင်ဆင်ဆောင်ရွက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက်မရရှိနိုင်ဘဲ အချိန်မရွေးဖြစ်ပွားတတ်ပြီး ထိခိုက်ဆုံးရှုံးမှုလည်း ကြီးမားလေ့ရှိသဖြင့် မလိုလားအပ်သော ဆိုးကျိုးသက်ရောက်မှုများမှ ကာကွယ်နိုင်ရန်နှင့် ထိရောက်စွာတုံ့ပြန်တတ်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ငလျင်ဘေး ဇာတ်တိုက် လေ့ကျင့်ခြင်းဖြင့် အခြားသော ရေဘေး၊ လေဘေး အန္တရာယ်များ အတွက်လည်း အမြဲအသင့် ဖြစ်နေမည်ဖြစ်ကြောင်း၊ ဇာတ်တိုက်လေ့ကျင့်မှုမှ ရရှိလာသည့် အတွေ့အကြုံများကို မိမိတို့၏ မိသားစု၊ ပတ်ဝန်းကျင်တွင်ပြန်လည်လက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် ငလျင်ဘေးအန္တရာယ် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခန်းတွင် ပါဝင်ဆောင်ရွက်နေကြသူများ၏ ဘေးအန္တရာယ် တုံ့ပြန်ရေးဆိုင်ရာ လုပ်ငန်းစဉ်အလိုက် သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြသည်။

**ဂုဏ်ပြုမှတ်တမ်းများပေးအပ်**

ယင်းနောက် တာဝန်ရှိသူများက တာချီလိတ်မြို့ မြို့မိမြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာချီလိတ်ခရိုင် ကုန်သည်ကြီးများအသင်းနှင့် ရွှေလုပ်ငန်းရှင်များအသင်းတို့က လှူဒါန်းသော ငွေကျပ်သိန်း ၅၀၀ ကို လက်ခံရယူပြီး အလှူရှင်များနှင့် ဇာတ်တိုက်လေ့ကျင့်ခန်းအတွက် ပံ့ပိုးဆောင်ရွက်ခဲ့သော စေတနာရှင်၊ အလှူရှင်များကို အသိအမှတ်ပြု ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကြသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ယခုကဲ့သို့ သဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လူဦးရေ ၁၈၂၂၀ ဖြင့် အကြိမ် ၆၀၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဇွန်လကုန်ထိ လူဦးရေ ၅၂၁၁ ဦးဖြင့် ၁၄ ကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာချီလိတ်မြို့ရှိ လူမှုဝန်ထမ်းဦးစီးဌာန တာချီလိတ်မူလတန်းကြိုကျောင်း၊ တာလေ့ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနှင့် ဟောင်လိတ်ရပ်ကွက်ရှိ TMK ပုဂ္ဂလိကမူလတန်းကြိုကျောင်းတို့သို့ သွားရောက်ကာ ကလေးသူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများရရှိစေရန် နည်းစနစ်မှန်ကန်စွာ ပြုစုစောင့်ရှောက်နေမှုများကို လှည့်လည်ကြည့်ရှုပြီး ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ အနေဖြင့် ယခုကဲ့သို့ စနစ်တကျဖွင့်လှစ်ဆောင်ရွက်နေမှုကို ကြိုဆိုကြောင်း၊ ကလေးငယ်များကို ငယ်စဉ်ကပင် အလေ့အထကောင်းများ စွဲမြဲစေရေး လေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံအတွက် အားထားရသော လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း မှာကြား၍ ဆရာမများ၊ ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၁၃**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွှေးစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲကို ဇူလိုင် ၁၀ ရက်က အဆိုပါကျောင်းရှေ့၌ ကျင်းပခဲ့သည်။



အဆိုပါဟောပြောပွဲတွင် ရွှေးစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးလွင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်း၊ မြန်မာတစ်မျိုးသားလုံးအတွက် အားကျအတုယူ မမေ့သင့်သည့်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတ္ထုပ္ပတ္တိအကြောင်း၊ အထက်တန်းပြဆရာမ ဒေါ်လဲ့ရီစံက အာဇာနည် စိတ်ဓာတ်အကြောင်းတို့ကို ဟောပြောခဲ့ကြပြီး ကျောင်းသား ကျောင်းသူ ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန် တိုင်းဒေသကြီး သာကေတမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲကို အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ဇူလိုင် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။



**ဟောပြော**

အဆိုပါ အခမ်းအနားတွင် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသန့်ဇင်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အာဇာနည်နေ့ ပေါ်ပေါက်လာပုံသမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင် ကိုးဦး၏ အတ္ထုပ္ပတ္တိအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ သာကေတမြို့နယ် စာရေးဆရာမ ဒေါ်နန်းဟင်းပြင်းက အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ အကျဉ်းချုပ်အား ဟောပြောပြီး အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်နှင်းနန္ဒာအောင်က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် ဗိုလ်ချုပ်အောင်ဆန်း၏ စိတ်နေစိတ်ထား၊ အနစ်နာခံ ကိုယ်ကျိုးစွန့်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ပုံများကို ဟောပြောခဲ့သည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သာကေတမြို့နယ်ရုံးမှ ပြသထားသော အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## နေပြည်တော်အတွင်း သန့်ရှင်းသာယာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်းစာကြည့်တိုက်၌ စာအုပ်စာစောင်များ ထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ စာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့်စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာ နေပြည်တော်ကောင်စီလမ်းဘေး ကွင်းအမှတ် (၁၆၃၆-က) လယ်မြေခုနစ်ဧကတွင် စိုက်ပျိုးထားသည့် ထိုင်းနံ့ကောက်စပါးမျိုး နွေစပါးရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအုပ်စု ကြံဘိုကျေးရွာအနီးရှိ ကွင်းအမှတ် (၁၃၁၇) ၂၀၂၄-၂၀၂၅ ခုနှစ် မိုးနေကြာမျိုးစေ့ထုတ်စံပြကွက် ၂၅ ဧကစိုက်ခင်းသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ နေပြည်တော်၌ စပါးအပါအဝင် အဓိကသီးနှံ ၁၀ မျိုးကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း အစရှိသည့်နည်းလမ်းလေးရပ်ကို စနစ်တကျလက်တွေ့လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မျိုးကောင်းမျိုးသန့်များ သုံးစွဲခြင်း၊ မြေများကို စနစ်တကျပြုပြင်ခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ စိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးရေးကို ဆောင်ရွက်ကြစေလိုကြောင်း၊ ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးစေလိုကြောင်း၊ နေပြည်တော်အတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် တောင်သူများ တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တောင်သူများက လက်ရှိစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး မိုးနေကြာမျိုးစေ့ထုတ် စံပြကွက် ၂၅ ဧက စိုက်ခင်း၌ မိုးနေကြာများ အောင်မြင်ဖြစ်ထွန်းနေမှုကို တောင်သူများနှင့်အတူ ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ရွှေပြည်သစ်ဆန်စက်သို့ ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝမြေဆွေး၊ သဘာဝမြေဩဇာများပြုလုပ်ခြင်း လက်တွေ့သရုပ်ပြမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တပ်ကုန်းမြို့နယ် ဗိုလ်မင်းရောင်ရပ်ကွက်ရှိ ဇောတိကရာမ မိုလ်းကောင်းကျောင်းတိုက် ရပ်/ကျေးသံဃနာယက ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ဇောတိက၊ ဆရာစံရပ်ကွက်ရှိ ကျောင်းသစ်ကျောင်းတိုက် မြို့နယ်ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ကုမာရ၊ အနော်ရထာရပ်ကွက်ရှိ မဟာဗောဓိပညာဒါနကိုယ်ပိုင်အထက်တန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဉဇ္ဇုရာဇဗုဒ္ဓိ ဆရာတော်တို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်နေသည့် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းမီးပွိုင့်အနီးမှ ပင်လောင်းလမ်းဆုံအထိ လမ်းဘေး ဝဲ/ယာ၌ နှစ်တိုပန်းအလှပင်များ စိုက်ပျိုးထားရှိမှု၊ ရေထွက်မြောင်းများ ဆောင်ရွက်နေမှုနှင့် သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ယမန်နေ့နံနက်ပိုင်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ကျင်းပသည်။

### လှည့်လည်ကြည့်ရှုအားပေး

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျင်းပသည့် စာအုပ်စာစောင်နှင့် ဓာတ်ပုံပြခန်းများ၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်နှင့် ရန်ကင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ စသည့်ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုနှင့် စာအုပ်အရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းသား ကျောင်းသူများနှင့် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက်သီချင်းဖြင့်လည်းကောင်း၊ သွေးချင်းတို့မြေ သီချင်းဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်ပြီး ရန်ကင်းပညာရေးဒီဂရီကောလိပ်အတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော လက်သန့်ဆေးရည်များ၊ ဓာတ်ဆားထုပ်များနှင့် သုတ/ရသစာအုပ် ၁၅၀ တို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေးအပ်ရာ ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး ဦးအောင်မြတ်စိုးက လက်ခံရယူပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးအစိုးရဝန်ကြီးများက လက်ခံရယူသည်။

### စာပေဆိုင်ရာများ ဟောပြော

ထို့နောက် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် စာပေဆိုင်ရာများကို ဟောပြောခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။ ယင်းနောက် ရန်ကင်းမြို့နယ်ရှိ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား ကျောင်းသူများက အမျိုးသားစာပေယဉ်ကျေးမှုအမွေ တေးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျင်းပသည့် ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများအား ထူးချွန်ဆုများကိုလည်းကောင်း၊ ကပြဖျော်ဖြေခဲ့ကြသည့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများကိုလည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ



## ကော့မှူးတွင် သစ်တောသစ်ပင်စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းခြင်းဆိုင်ရာ အသိပညာပေးဟောပြော

**ကော့မှူး ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောသစ်ပင်စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းတို့ကို ကျောင်း သား ကျောင်းသူများအတွင်း နိုးကြားသော အသိစိတ်ဓာတ်ရှိစေရေးအတွက်အသိပညာပေး ဟောပြောပွဲကို ယမန်နေ့နံနက်က မြို့သစ်ရပ်ကွက် အထက (ကော့မှူး) ကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(ကော့မှူး)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှအေးက ကျေးဇူးတင်စကားပြောကြားပြီး သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလူမင်းက သစ်ပင်များစိုက်ပျိုးခြင်းကြောင့် သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ ဒေသအပူချိန်လျှော့ချနိုင်စေရေးနှင့် သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တောသစ်ပင်များမှ ပေးစွမ်းနိုင်သည့်ထုတ်ကုန်များ၊ ဝန်ဆောင်မှုများ၊ ရာသီဥတုလျှော့ချရေးတွင်သစ်တောများ၏ အရေးပါမှုများ၊သစ်တောသစ်ပင်များထိန်းသိမ်းခြင်းနှင့် မိုးရာသီကာလသစ်ပင်စိုက်ပျိုးခြင်းနည်းစနစ်များကို ရှင်းလင်းဟောပြောခဲ့ပြီးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ ဆက်လက်၍ အထက (ကော့မှူး) ကျောင်းဝင်းအတွင်း၌ ခရေပင် ၃၀၊ မန်ကျည်းပင် ၂၀ တို့အား ကျောင်းသား ကျောင်းသူများနှင့် နမူနာသရုပ်ပြ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)

# မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ သတိပြုကာကွယ်

ပေါက်ပေါက်

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် အသက်အရွယ်မရွေး အန္တရာယ်ရှိနိုင်ပြီး ကလေးသူငယ်များအတွက် ဆိုးရွားစွာ အသက်အန္တရာယ်ရှိနိုင်ကြောင်းနှင့် ၎င်းရောဂါသည် မြန်မာနိုင်ငံတွင် ဒုတိယအဖြစ်အများဆုံး ကလေးရောဂါတစ်ခုဖြစ်ကြောင်း World Health Organization Myanmar က ဇွန်လ ၁၇ ရက်နေ့တွင် သတိပေးထုတ်ပြန်ထားသည်။ ထို့ပြင် ဝမ်းပျက်ဝမ်းလျှောရောဂါသည် တစ်နှစ်အောက်ကလေးများကို သေဆုံးစေသည့် တတိယမြောက်ရောဂါဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် ကလေး ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှု ၁ ဒသမ ၇ ဘီလီယံနီးပါး ရှိကြောင်း၊ ထိုရောဂါကြောင့် နှစ်စဉ် အသက်ငါးနှစ်အောက်ကလေး လေးသိန်းကျော်နှင့် အသက်ငါးနှစ်မှ ကိုးနှစ်အကြား ကလေးငယ် ငါးသောင်းကျော်ကို သေဆုံးစေလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အတွင်း တစ်နှစ်လျှင် အသက်ငါးနှစ်အောက်ကလေး ၁၀၀ တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ ခြောက်ဦးမှ ၁၂ ဦး အထိရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်ရက်အနည်းငယ်အတွင်း ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နှင့် သာကေတမြို့နယ် အနော်မာရပ်ကွက်တို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါများဖြစ်ပွားမှုကြောင့် ဆေးရုံတက်လူနာ ရှစ်ဦး၊ ဆေးရုံပြင်ပလူနာ နှစ်ဦး ကျန်းမာရေးဝန်ကြီးဌာနက ကွင်းဆင်းကုသပေးစဉ် တွေ့ရှိခဲ့ရသော လူနာ နှစ်ဦး စုစုပေါင်း ဝမ်းပျက်ဝမ်းလျှောရောဂါလူနာဦးရေ ၁၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့်မဟုတ်ဘဲ ခုခံအားကျဆင်းမှုရောဂါအခံရှိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ သန့်ရှင်းရေးလုပ်ငန်းများနှင့် ရောဂါထပ်မံဖြစ်ပွားမှု ရှိ၊ မရှိ စောင့်ကြည့်သည့် လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။


**ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာ**

ဝမ်းလျှောခြင်းမှာ (က) ကာလတိုဝမ်းလျှောခြင်းနှင့် (ခ) ကာလရှည်ဝမ်းလျှောခြင်းဟူ၍ နှစ်မျိုးရှိသည်။ ကာလတိုဝမ်းလျှောခြင်းက နှစ်ရက်ခန့်အကြာတွင် ရပ်တန့်သွား၍ စိုးရိမ်ဖွယ်မရှိပေ။ ကာလရှည်ဝမ်းသွားခြင်းတွင် ဝမ်းလျှောသည့်အကြိမ်ရေ များပြားသည်နှင့်အမျှ ခန္ဓာကိုယ်ထဲတွင် ရေဓာတ်ဆုံးရှုံးသွားသဖြင့် အချိန်မီကုသမှုခံယူသင့်ပါသည်။ နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်း၊ အစာအဆိပ်သင့်ခြင်းအပြင် သွေးပေါင်ထိုးကျသွားပြီး သတိလစ်ခြင်းအတွက်ပါ စိုးရိမ်ရပါသည်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။ ထို့ကြောင့် မိုးရာသီ၌ ဖြစ်ပွားမှုအများဆုံးရောဂါဟု ဆိုနိုင်ပါသည်။ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရပ်ကွက်နှင့် လမ်းများပေါ်ရှိ ရေဆိုးရေညစ်များနှင့်အတူ မိုးရေလျှံတက်လာပါသည်။ များမကြာမီ ရေပြန်ကျသွားသောအခါ အညစ်အကြေး အနယ်အနှစ်များ တင်ကျန်ရစ်ခဲ့ပြီး Vibiro Cholerae (ခေါ်) ကာလဝမ်းရောဂါကို ဖြစ်စေတတ်သော ကူးစက်ရောဂါပိုးမွှားပေါက်ပွားမှု များပြားလာသည့်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်လာရသည်။ ထိုရောဂါပိုးသည် ကူးစက်ခံရသူ၏ အူအတွင်းသို့ enterotoxin (ခေါ်) အဆိပ်ဓာတ်တစ်မျိုးထုတ်လွှတ်ကာ ခန္ဓာကိုယ်အတွင်းရှိ အရည်ဓာတ်နှင့် ဆားဓာတ်များကို အချိန်တိုအတွင်း လျင်မြန်စွာဆုံးရှုံးစေသဖြင့် အသက်သေဆုံးသည်အထိ ပြင်းထန်စွာခံစားရနိုင်ပါသည်။

ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည် ယင်ကောင်မှတစ်ဆင့် လည်းကောင်း၊ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် လည်းကောင်း အစားအစာ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း၊ (ဥပမာ- မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း) စသည်တို့မှတစ်ဆင့် စားသောက်မိသူများအား အလွယ်တကူ ကူးစက်နိုင်ပြီး ထိုမှတစ်ဆင့် တစ်ဦးမှ တစ်ဦးသို့ ရောဂါဆက်လက်ပျံ့နှံ့ကူးစက်စေပါသည်။ မိုးရွာ၍ ရေကြီးစဉ် ထိုညစ်ညမ်းသောရေထဲ ဖြတ်လျှောက်သွားပြီးနောက် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းကလည်း ရောဂါပိုး ကူးစက်ခံရရန် သေချာသလောက်ရှိနေပါသည်။

ရောဂါလက္ခဏာများမှာ နာရီပိုင်းအတွင်း ငါးညှီနံ့နံသော ဆန်ဆေးရေအရောင်ကဲ့သို့ ဖြူကျဲကျဲဝမ်းအရည်များ




အဆက်မပြတ်သွားခြင်း သို့မဟုတ် တစ်နေ့တည်းမှာပင် သုံးကြိမ်နှင့်အထက် ဝမ်းအရည် များစွာသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်မြန်ဆန်ခြင်း၊ ဝမ်းတွင်သွေးပါခြင်း၊ အစာစားချင်စိတ်မရှိခြင်း၊ မိန်း၍ပျော့ခွေခြင်း၊ အရည်ကောင်းစွာ မသောက်နိုင်ခြင်း၊ ခံတွင်း၊ လျှာနှင့် နှုတ်ခမ်းများခြောက်၍ ရေအငမ်းမရ သောက်ပြီးနောက် ထိုရေအတိုင်း ဝမ်းသွားခြင်း သို့မဟုတ် ပြန်အန်ထွက်ခြင်း၊ အရေပြား၏ ကျုံ့နိုင်ဆန့်နိုင်အား လျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်း စသည့် ရောဂါလက္ခဏာများပြနေပါက ဓာတ်ဆားရည် များများသောက်ပြီး နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အချိန်မဆိုင်းဘဲ သွားရောက်ပြသသင့်သည်။

**ကြိုတင်ကာကွယ်နည်းလမ်းကောင်းများ**

ဝမ်းပျက် ဝမ်းလျှောရောဂါသည် ကြိုတင်ကာကွယ်နိုင်သော ရောဂါဖြစ်ပါသည်။ ရောဂါဖြစ်စေတတ်သော ပိုးမွှားများ၏ ၈၀ ရာခိုင်နှုန်းခန့်သည် မိမိတို့၏ လက်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်သည်။ စနစ်တကျ လက်ဆေးခြင်းဖြင့် လူအချင်းချင်း ကူးစက်မှုများ၊ ဆေးရုံ၊ ဆေးခန်းများမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို သိသာစွာလျှော့ချနိုင်ပါမည်။

ကြိုတင် ကာကွယ်သည့်အနေဖြင့် အစာမစားမီနှင့် အစားအစာမပြင်ဆင်မီ အချိန်တိုင်း၊ အညစ်အကြေးနှင့် အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်း၊ နှာချေချောင်းဆိုးပြီးချိန်တိုင်းနှင့် အိမ်သာမှ ဆင်းချိန်တိုင်းတို့တွင် လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ စင်ကြယ်စွာ ဆေးကြောပါ။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။ ရေကို ကျိုချက်၍ သော်လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်အတိုင်း ကလိုရင်းဆေးခတ်၍သော်လည်းကောင်း အသုံးပြုပါ။ အစားအစာများကို ကျက်အောင် ချက်ပြုတ်ပြီးမှ ပူပူနွေးနွေး စားသုံးပါ။ အစားအစာများကို ယင်မနားအောင် စနစ်တကျ ဖုံးအုပ်ထားပါ။

ရေကောင်းရေသန့် သုံးစွဲပါ။ သန့်ရှင်းသော သောက်သုံးရေ (ရေသန့်)သည် အနည်အမှုန်၊ အရောင်အနံ့၊ ရောဂါပိုးမွှားကင်း၍ ကျန်းမာရေးနှင့် ညီညွတ်စေရမည်။ မသန့်သောရေသည် ဝမ်းပျက်ဝမ်းလျှော၊ ကာလဝမ်း၊ အူရောင်ငန်းဖျား၊ အသည်းရောင်အသားဝါ၊ ပိုလီယို စသည့် ဝမ်းနှင့်ပတ်သက်သော ရောဂါများ ဖြစ်ပွားစေနိုင်ပါသည်။

အခြားသူများသို့ ဝမ်းရောဂါမကူးစက်စေရန်အတွက် ဝမ်းသွားပြီးနောက် သန့်စင်ခန်း(အိမ်သာ)ကို ရေနိုင်နိုင် လောင်းချရပါမည်။ ရောဂါဆက်လက်မပြန့်စေရန်အတွက် ဝမ်းပျက်ဝမ်းလျှောရောဂါခံစားရသည့်လူနာ၏ အဝတ်အစားများကို သောက်သုံးရေကန်များအနီးတွင် မလျှော်ဖွပ်ရ။ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

**လက်သန့်ရှင်းမှု အထူးဂရုပြု**

လက်ကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောခြင်း (လက်သန့်ခြင်း) သည် ရောဂါအများအပြားကို ကာကွယ်နိုင်ပါသည်။ အိမ်တွင် အစားအစာချက်ပြုတ်သူများနှင့် အစားအစာရောင်းချသူများ လက်မသန့်ရှင်းပါက မိသားစုတစ်စုမှသည် လူပေါင်း ရာနှင့်ချီ၍ ရောဂါရရှိနိုင်ပြီး ကပ်ရောဂါအသွင် ကူးစက်ကာ သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိသည်။ လက်တွင်ကပ်ပါလာနိုင်သည့် မစင်အညစ်အကြေး အနည်းငယ် (တစ်ဂရမ်) တွင်ပင် လူကိုရောဂါဖြစ်၍ သေစေနိုင်သည့် ဗိုင်းရပ်စ် ၁၀ သန်းခန့်၊ ဗက်တီးရီးယား တစ်သန်းခန့်၊ သန်ကောင်နှင့် ဝမ်းကိုက်ပိုးကဲ့သို့ ကပ်ပါးရောဂါပိုး ၁၀၀၀ ခန့်၊ သန်းဥကဲ့သို့သော ကပ်ပါးရောဂါပိုးဥပေါင်း ၁၀၀ ခန့် ပါဝင်နေသည်။ လက်တွင်ကပ်ပါလာနိုင်သည့် အညစ်အကြေးနှင့် ရောဂါပိုးများသည် လက်နှင့် ကိုင်တွယ်ထိတွေ့နိုင်သည့် အရာအားလုံးတို့တွင်လည်း ကပ်ငြိနေနိုင်သည့်အတွက် လက်ကို စင်ကြယ်စွာဆေးကြောခြင်းက ရောဂါများစွာကို ကာကွယ်ပြီး ဖြစ်စေပါသည်။

**ရှောင်ရန် အစားအစာများ**

ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့် အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြု ရှောင်ရှားရပါမည်။ သို့မဟုတ်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ကိုပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ် ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရသည်။

ကာလတို ဝမ်းလျှောသည်ဖြစ်စေ၊ ကာလရှည် ဝမ်းလျှောသည်ဖြစ်စေ ဝမ်းရပ်တန့်သွားသော်လည်း နောက်ဆယ်ရက်ခန့်ကြာသည်အထိ နို့ထွက်ပစ္စည်းများဖြစ်ကြသော ချိစ်၊ ဒိန်ခဲ၊ မလိုင်၊ ပူတင်း၊ ကော်ဖီတို့ကို မစားသောက်သင့်ပေ။

အမျှင်ဓာတ်များသော အစားအစာများက အစာအိမ်နှင့် အူကို အလုပ်ရှုပ်စေနိုင်၍ ဝမ်းလျှောပြီး နောက်သုံးရက်၊ လေးရက်ခန့်ကြာသည်အထိ မစားသင့်ပေ (ကွေကာအုပ်ကလည်း အမျှင်ဓာတ်များသော အစားအစာထဲမှာပါနေ၍ ရှောင်ပါ။)

စာမျက်နှာ ၁၁ သို့ ❋

> ရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့်အစားအစာများ၊ မသန့်ရှင်းသည့် သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ သန့်ရှင်းမှုအားနည်းသည့် လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရပါမည်။ သို့မဟုတ်ပါက နောက်ဆက်တွဲပြဿနာများအဖြစ် အစာအိမ်နာခြင်းနှင့် အစာအဆိပ်သင့်ခြင်းအတွက်ကိုပါ စိုးရိမ်ရသည်။ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ်စိုးရိမ်ရ

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် မန္တလေးမြို့အခြေစိုက် တရုတ်ကောင်စစ်ဝန်ချုပ်ရုံး တရုတ်ကောင်စစ်ဝန်ချုပ် Mr.Chen Chen အား နှုတ်ဆက်ဂုဏ်ပြုညှော်ခံပွဲသို့တက်ရောက်



**မန္တလေး ဇူလိုင် ၁၃**

မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Chen Chenအား နှုတ်ဆက်ဂုဏ်ပြုညှော်ခံပွဲ အခမ်းအနားကို ဇူလိုင် ၁၁ ရက် ညပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေးဟိုတယ်တွင် ကျင်းပရာ မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်မှု အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်မှတ်တမ်း Video clip အားပြသ၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ယင်းနောက် ကောင်စစ်ဝန်ချုပ် Mr. Chen Chen က တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံ နယ်ပယ်များအလိုက် လုပ်ငန်းများဆောင်ရွက်ခဲ့မှုများနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုဖွံ့ဖြိုးတိုးတက်ကာ တရုတ်-မြန်မာ ချစ်ကြည်ရေး အဓွန့်ရှည်ပါစေကြောင်း နှုတ်ခွန်းဆက်စကားကို လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်က မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရေး၊ သံတမန်ဆက်ဆံရေး ကောင်းမွန်စွာဖြင့် ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အေးချမ်းသာယာပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုနှုတ်ဆက်စကားကို လည်းကောင်း ပြောကြားပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ကူးကာ နှုတ်ဆက်ဂုဏ်ပြုညှော်ခံ ညစာစားပွဲကို တက်ရောက်လာသူများနှင့်အတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)

# ရေးမြို့နယ်၌ စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးဆောင်ရွက်

**ရေး ဇူလိုင် ၁၃**

မွန်ပြည်နယ် ရေးမြို့နယ်တွင် စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်နည်းမှန်ကန်ရေး လက်တွေ့အစေ့ချ စိုက်ပျိုးပြသခြင်းကိုဇူလိုင် ၁၁ ရက်က အစင်စံပြကျေးရွာရှိ တောင်သူ ဒေါ်အေးမြကြည်၏ လယ်ယာမြေ ၂၁သမ၄၂ ကေတွင်လည်းကောင်း၊ ကွင်းအမှတ် (၁၁၆၀)၊ ဦးပိုင်အမှတ်(၄/၅၂)၊ တောင်သူ ဦးသာကြီး၏ လယ်မြေ ၁၀ ဒသမ ၉၁ ကေတွင်လည်းကောင်း လယ်မြေ



အတွင်း ထုံးကြဲပက်ခြင်း သရုပ်ပြခြင်းကို တာဝန်ရှိသူများက ပူးပေါင်းပြုလုပ်ခဲ့ကြသည်။

**ကြည့်ရှုအားပေး**

စပါးမျိုးစေ့ချ ကိရိယာဖြင့် လက်တွေ့အစေ့ချ စိုက်ပျိုးပြသခြင်း၊ လယ်မြေအတွင်းထုံးကြဲပက်ခြင်းသရုပ်ပြပွဲသို့ နက်မြေခံစစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီး ကောင်းဇော်မြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းမင်းနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန တာဝန်ခံဒေါ်မိုးမိုးသန်းလှိုင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ရှစ်တန်းသွားမျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချစိုက်ပျိုးရာ၌ ရရှိမည့်အကျိုးကျေးဇူးများ၊ လိုအပ်သည့် နည်းပညာ ပံ့ပိုးပေးနိုင်မှုများကို ရှင်းလင်းပြောကြားကာ လိုအပ်သည်တို့ကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြသည်။

ရေးမြို့နယ်အတွင်း မိုးစပါးစိုက်ကာလ၌ တောင်သူများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ခြင်းဖြင့် ဒေသတွင်း စားရေရိက္ခာဖူလုံရေးနှင့် တောင်သူများ၏ လူမှုစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေးမြို့နယ်အတွင်းရှိ တောင်သူများအတွက် မျိုးစေ့ချကိရိယာများကို အခမဲ့ထောက်ပံ့ပေးအပ်ထားပြီးဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဝန်ထမ်းသက်သာထောက်ပံ့ပေးအပ်ပွဲ ပြုလုပ်

**သာစည် ဇူလိုင် ၁၃**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသက်သာချောင်ချိရေးအတွက် စိုက်ပျိုးထားသည့် ဌာနပိုင် ဝန်ထမ်းသက်သာစိုက်ခင်းမှထွက်ရှိသော ဆန်ထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က ဝန်ထမ်းသက်သာ ထောက်ပံ့ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဝန်ထမ်းသက်သာစိုက်ခင်းမှထွက်ရှိသော (GW-18) ဆန်များကို ဝန်ထမ်းတစ်ဦးလျှင် ၂၄ ပြည်အိတ် တစ်အိတ်နှုန်းဖြင့် ဝန်ထမ်း ၅၁ ဦးတို့အား ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

❈ စာမျက်နှာ ၁၀ မှ

**ဆောင်ရန် အစားအစာများ**

ဝမ်းလျှောသည့် အကြိမ်ရေများပါက သိသိသာသာ ပိန်ကျသွားပြီး အားအင်ကုန်ခန်းသွား၍ သက်သက်သာသာ အနားယူသင့်ပါသည်။ အောက်ဖော်ပြပါ အစားအသောက်များက ဝမ်းပျက်ဝမ်းလျှောရောဂါအတွက် သဘာဝကုထုံးအဖြစ် အားကိုးထိုက်သည်။

- ရေဓာတ်ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းပေးသည့်အနေဖြင့် ရေကျက်အေး များများသောက်ပါ။
- သန့်စင်သည့်ရေနှင့် ဖျော်စပ်ထားသည့် ဓာတ်ဆားရည် (ORS)ကို သောက်သုံးပါ သို့မဟုတ် သီးစုံဓာတ်ဆားရည်သောက်ပါ။
- ဓာတ်ဆားရည်ထုပ် အလွယ်တကူ မရရှိနိုင်ပါက ဆား နှင့် သကြားကို ဆတူရောသောက်ပါ။
- လက်ဖက်ရည်ကြမ်းထဲကို သကြား အနည်းငယ်ထည့်သောက်ပါ။ ချင်းပြုတ်ရည်သောက်ပါ။
- အမည်းရောင် ထန်းလျက်ကျိုပြီး အနည်စစ်သောက်ပါ။
- အုန်းစိမ်းရည်သောက်ပါ။
- ဒိန်ချဉ်စားပါ။ ဒိန်ချဉ်ထဲတွင်ပါရှိသော လက်တစ်အက်စစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေသော ဗက်တီးရီးယားပိုးများကို သေစေနိုင်သည်။ (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည်မရောဘဲ ဖြစ်နိုင်ပါက သူ့ချည်းစားပါ) အာဟာရအပြည့်မြန်ကာ မပျော့လွန်းမမာလွန်း ကစီဓာတ်ကြွယ်ဝသော အစားအစာများဖြစ်ကြသည့် ထမင်း၊ ဆန်ပြုတ်၊ စွပ်ပြုတ်၊ ခေါက်ဆွဲ၊ အာလူး၊ မုန်လာဥနီ၊ ကြက်သား၊ ငါး၊ ဘီစကွတ်မုန့် စားပေးနိုင်ပါသည်။
- လိမ္မော်သီးအခွံက ဝမ်းပျက်ဝမ်းလျှောခြင်းအတွက် ကောင်းကျိုးပြုနိုင်သည်။ လိမ္မော်ခွံကို ပြုတ်၍ သော်လည်းကောင်း၊ ရေနွေးဆူဆူတွင် ခတ်၍သော်လည်းကောင်း အအေးခံ၍ သောက်သုံးသင့်ပါသည်။
- ပဲနံ့သာပင်အစေ့ကို ရေစိမ်သောက်ပါ။ (ပဲနံ့သာပင်အစေ့များကို အိန္ဒိယရိုးရာ ပယဆေးဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်) ဆီးသီးလုံးခန့် ပမာဏရှိသော နနွင်းမှုန့်ကို ရေနွေးကြမ်းဖြင့် သုံးရက်ဆက်တိုက်သောက်ပါ။ လုံးဝပျောက်ကင်းနိုင်ပါသည်။
- အသက် ၂၀ နှင့်အထက် လူနာဖြစ်ပါက ငရုတ်ကောင်းအစေ့ ၂၀ ကို လှော်ပါ။ နှစ်မိနစ်ခန့်လှော်ပြီးနောက် အမှုန့်ကြိတ်ပါ။ ရလာသောအမှုန့်ကို အရက်ဖြူတစ်ဇွန်းနှင့်အတူ ရေအေးတစ်ဇွန်းရောစပ်ပြီး သောက်ပါ။
- သီးသီးအမှည့်စားပါ။ သစ်ကြားသီးစားပါ။ ရေသဖန်းပင်အခေါက်ကို ပြုတ်သောက်ပါ။ မန်ကျည်းသီးစိမ်းစားပါ။ ပိန္နဲပွင့်သုပ်စားပါ။ ပိန္နဲသီးအနုဟင်းချက်စားပါ။ စမုန်နက်စားပါ။ ကြောင်လျှာမြစ် ပြုတ်သောက်ပါ။ သရက်စေ့အဆန်ကို ဝါးစားပါ။ ကြာဖြူ၊ ကြာညို ဝတ်ဆံများစားပေးပါ။ ငါးပြက်စားပါ။ ဂျီ (တောဂျီကောင်သား)သား စားပါ။
- ပရန္နဝါမြစ်ကို သွေး၍သောက်ပါ။ ဇာတိပ္ဖိုလ်သီး သွေးသောက်ပါ။ ဆန်ဆေးရည်သောက်ပါ။ ကရမက်သွေး၍သောက်ပါ။ မြေအိုးတစ်လုံးထဲ ကန်စွန်းရိုးနီ ဆယ်ပင်ခန့်ကို သင့်သလိုဖြတ်တောက်၍ အညိုရောင် ထန်းလျက် ၁၅ ကျပ်သားထည့်ကာ ကန်စွန်းပင်ရေမြုပ်သည်အထိ ရေဖြည့်၍ ကန်စွန်းညွန့်များ နူးအိလာအောင် ပြုတ်ပေးပါ။ ထိုပြုတ်ရည်အား ရေဆာတိုင်းသောက်ပါ။ တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံး တစ်လုံးခန့် သောက်ပေးရပါမည်။ ဤနည်းအတိုင်း ငါးကြိမ်၊ ခြောက်ကြိမ်ခန့် သောက်ပြီးပါက သူ့အလိုလို ဝမ်းရပ်သွားပါလိမ့်မည်။

အချုပ်ဆိုသော် ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားသည့်အတိုင်း "လက်သန့်၊ ရေသန့်၊ အစာသန့်၊ အိမ်သာသန့်" ဟူသော "သန့်လေးသန့်"ကို လိုက်နာခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ အထူးသဖြင့် မိုးရာသီတွင် သရက်သီးမှည့်များ၊ ဒူးရင်းသီး၊ ပိန္နဲသီး၊ ကြက်မောက်သီး၊ မင်းကွတ်သီး၊ နာနတ်သီးနှင့် အမှည့်လွန်သောသစ်သီးများ လှိုင်လှိုင်ပေါ်များလေ့ရှိရာ အဆိုပါသစ်သီးမှည့်များကြောင့် ယင်ကောင်များလည်း ပေါ်များပေါက်ပွားနိုင်သဖြင့် ယင်ကောင်ပေါက်ပွားမှုနည်းပါးစေရေးအတွက် စားကြွင်းစားကျန်များ အပါအဝင် အမှိုက်များကို စနစ်တကျ စွန့်ပစ်ရပါမည်။ ထိုယင်နားစာများ သို့မဟုတ် မှိုတက်နေသော အစားအစာများကို စားမိခြင်းက ဝမ်းရောဂါကို ဖြစ်စေနိုင်ပါသည်။ အခန့်မသင့်ပါက အစုလိုက်အပြုံလိုက် ကာလဝမ်းရောဂါဖြစ်လာနိုင်သည်ကို သတိရှိကြရန် လိုကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ စောစီးစွာ ကုသမှုခံယူသင့်ပါကြောင်း အကြံပြုလိုက်ရပါသည်။ ။

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## ဆည်းကျုံကျုံရှင်းတမ်း

အနက်သိမှ အရေးမှန်မည်၊ အရေးမှန်မှ အနက်သိမည်။ အရေးနှင့် အနက်သည်ခွဲမရ၊ တစ်ထပ်တည်းကျသည်။ အရေးဆိုသည်မှာ စားလုံးပေါင်းသတ်ပုံဖြစ်၍ အနက်ဆိုသည်မှာ အဓိပ္ပာယ်ဖြစ်သည်။ ထို့ကြောင့် အဓိပ္ပာယ်သိမှ စာလုံးပေါင်းသတ်ပုံမှန်မည်။ စာလုံးပေါင်းသတ်ပုံမှန်မှ အဓိပ္ပာယ်သိမည်ဟုလည်း ဆိုနိုင်သည်။

အနက်မသိသဖြင့် အရေးမှားခဲ့သော၊ တစ်နည်းအဓိပ္ပာယ်မသိသဖြင့် စာလုံးပေါင်းမှားခဲ့သော မြန်မာဝေါဟာရတစ်လုံးအကြောင်းကို တင်ပြ၍ ရှင်းတမ်းထုတ်လိုပါသည်။ စာလုံးပေါင်းသတ်ပုံ အမှားမှာ ဆီးကျုံကျုံဖြစ်သည်။ "ဆည်းကျုံကျုံ"ဟုရေးမှ စာလုံးပေါင်းသတ်ပုံမှန်သည်။

"ဆည်းကျုံကျုံ-ဆီးကျုံကျုံ"ပြဿနာမှာ လက်ဝဲသုန္ဒရဘွဲ့ခံ ဦးမြတ်စံ၏ "မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ"ချီပိုဒ်စုံရတုမှ စခဲ့သည်ဟု ဆိုရပါမည်။ လက်ဝဲသုန္ဒရအမတ်ကြီးသည် အလောင်းမင်းတရား၏ သားတော် ဆင်ဖြူရှင်မင်းတရားလက်ထက်တွင် မဲဇာသို့ အပို့ခံရသည်ဟု ဆိုသည်။ ထိုအခါ လက်ဝဲသုန္ဒရအမတ်ကြီးသည် ဆင်ဖြူရှင်မင်းတရားထံ အဆိုပါပိုဒ်စုံရတုကို ဖွဲ့ဆိုဆက်သွင်းခဲ့သဖြင့် အပြစ်မှလွတ်ငြိမ်းခွင့်ရခဲ့သည်။ မဲဇာတောင်ခြေရတုဟု အမည်တွင်ထင်ရှားသော ထိုပိုဒ်စုံရတု၏ သဲသာသောင်မြေချီ ဒုတိယပိုဒ်တွင် -

"စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊
ချုံအတိနှင့်၊ တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံ
ဝယ်၊ ရူဝံမပေါ်၊ မမြော်ပါရ၊ နေကိုတလည်း၊
ဘယ်ကရှေ့နောက်၊ ဘယ်တောင်မြောက်ဟု၊
တွေးထောက်မမှန်၊ ဖန်ဖန်အံ့ဩ၊ ကြံတိုင်း
မောစွ"

ဟု စပ်ဆိုထားပါသည်။

အဆိုပါရတုတွင် "တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံ"ဟူ၍လည်းကောင်း၊ "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ" ဟူ၍လည်းကောင်း စာလုံးပေါင်းမူကွဲနှစ်ခုကို တွေ့ရပါသည်။ ထိုမူကွဲနှစ်ခုတွင် "ဆည်းကျုံကျုံ"သည် အနက်မှန်၊ အရေးမှန်ဖြစ်၍ မူလအရေးဖြစ်သင့်သည်။ လက်ဝဲသုန္ဒရအမတ်ကြီးက ညကြီးသတ် "ဆည်းကျုံကျုံ"ဟု ရေးခဲ့ပေလိမ့်မည်။ အကြောင်းမူကား လုံးကြီးတင် "ဆီးကျုံကျုံ"ဟူသော အရေးကို "မဲဇာတောင်ခြေ"ရတု၏ ရှေ့ပို့ကဗျာလင်္ကာများတွင်လည်း မတွေ့ရ။ "မဲဇာတောင်ခြေ" ရတု၏နောက် ပို့ကဗျာလင်္ကာများတွင်လည်း မတွေ့ရသောကြောင့်ဖြစ်သည်။ လုံးကြီးတင် "ဆီးကျုံကျုံ" သည် အနက်ထင်ထင် အသုံးတွင်ရန် အကြောင်းယုတ္တိမရှိနိုင်သော ဝေါဟာရဖြစ်ပေသည်။ သို့ရာတွင် "မဲဇာတောင်ခြေ" ရတုတွင် အနက်မှန်၊ အရေးမှန်ဖြစ်သော ညကြီးသတ် "ဆည်းကျုံကျုံ" နေရာတွင် လုံးကြီးတင် "ဆီးကျုံကျုံ"က အင်နှင့်အားနှင့် လွှမ်းမိုးလာနေပါသည်။

ထင်ရှားသော သာဓကအနည်းငယ်ကို ထုတ်ပြပါမည်။ မြန်မာပညာရှိ မော်ဘီဆရာသိန်းကြီးသည် မြန်မာစာပေဗဟုသုတ လွန်စွာပြည့်ဝပြီး မြန်မာစာပေလောကတွင် ညာကြေတစ်လွှား ထင်ရှားကျော်ကြားသည့် ပညာရှိကြီးဖြစ်ပေသည်။ ဆရာကြီးသည် မြန်မာစာပေလေ့လာလိုက်စားသူများ အားကိုးအားထားပြုကြရသည့် ပေါရာဏဒီပနီကျမ်းကြီးကို ပြုစုခဲ့ပါသည်။ ပေါရာဏဒီပနီ ဒုတိယတွဲတွင် "မဲဇာတောင်ခြေ"ပိုဒ်စုံရတုကို ထည့်သွင်းဖော်ပြခဲ့ပါသည်။ "သဲသာသောင်မြေ"ချီ ဒုတိယပိုဒ်တွင် "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ"ဟူ၍ ယူထားပါသည်။ လုံးကြီးတင် "ဆီး"နှင့် ဖြစ်ပါသည်။

ရွှေဘိုမြို့နေ နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အဝေးရောက်မင်းကြီးသည် မဲဇာတောင်ခြေဋီကာကို ပြုစုခဲ့ပါသည်။ ထိုဋီကာတွင်လည်း "ဆီးကျုံကျုံ"ဟု ပင် လုံးကြီးတင်နှင့်ယူထားပါသည်။ "ဆီးကျုံကျုံ"ကို ဖျောက်ဖျောက်(ဖြောက်ဖြောက်) ကျလျက်ရှိသော ဆီးနှင်းဟု အဓိပ္ပာယ်ဖွင့်ပြထားပါသည်။

မြန်မာနိုင်ငံ သုတေသနဂျာနယ်များတွင်လည်း မော်ဘီဆရာသိန်း၊ ဆရာကြီးဦးဖိုးဖြူ၊ ဆရာကြီး ဦးဖေမောင်တင်၊ ဆရာကြီးလုစ်၊ ဆရာကြီး ဒေါက်တာဘဟန်၊ ဆရာကြီးဦးခင်ဇော် စသည့်စာပေပညာရှင်ကြီးများက လက်ဝဲသုန္ဒရအမတ်ကြီး၏ နာမည်ကျော် မဲဇာတောင်ခြေရတုကြီးကို စိတ်ဝင်တစားလေ့လာခဲ့ကြပါသည်။ အင်္ဂလိပ်ဘာသာသို့လည်း ပြန်ဆိုတင်ပြခဲ့ကြပါသည်။ ဖော်ပြပါဆရာကြီးအားလုံးသည်လည်း "တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ" ဟုပင် ဖော်ပြခဲ့ကြပါသည်။ လုံးကြီးတင် "ဆီး"နှင့်ပင် ဖြစ်သည်။ လုံးကြီးတင် "ဆီးကျုံကျုံ"သည် ဤသို့ ဤနှယ် တွင်တွင်ကျယ်ကျယ် နေရာရခဲ့ပါသည်။ "ပွဲခါညောင်ရေ" ချီ တတိယပိုဒ်တွင်ပါသော "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်" ဟူသောစကား၏ ဩဇာသက်ရောက်လွှမ်းမိုးမှုကြောင့်လည်း လုံးကြီးတင် "ဆီးကျုံကျုံ" တွင်ကျယ်ခဲ့ခြင်းလည်းဖြစ်ပါလိမ့်မည်။

"တောကြီးဆိတ်ညံ၊ ဆီးကျုံကျုံ"ဟူ၍ ဆီးကျုံကျုံကို လုံးကြီးတင်ဆန်ခတ်ဖြင့် လက်ခံခဲ့ကြသော ပညာရှိဆရာကြီးများအနက် အထူးဖော်ထုတ်တင်ပြရမည့် ဆရာကြီးတစ်ဦးမှာ ဆရာကြီးဦးကျော်ထွန်းဖြစ်ပါသည်။ ဆရာကြီးသည် ကဝိမျက်မှန်သတ်ပုံကျမ်း၊ ကိုးခန်းပျို့ဋီကာကြီး၊ မြန်မာစာညွှန့်ပေါင်းကျမ်းလေးတွဲတို့ကိုပြုစုခဲ့သော ပုဂ္ဂိုလ်ကြီးဖြစ်သည်။ မြန်မာစာပေနှင့်ပတ်သက်၍ အထူးအလေးထားလေးစားထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်ပေသည်။ ထိုဆရာကြီးကလည်း "ဆီးကျုံကျုံ"ဟုပင် လုံးကြီးတင်ဆန်ခတ်ဖြင့် ပြခဲ့ပေသည်။ ထိုသို့ လုံးကြီးတင်ဆန်ခတ်ဖြင့်ပြခဲ့ရုံမျှမက လုံးကြီးတင်ဆန်ခတ် "ဆီးကျုံကျုံ"သာ အမှန်ဖြစ်သည်။ ညကြီးသတ် "ဆည်းကျုံကျုံ"သည် အမှားဖြစ်သည်ဟု ကိုးခန်းပျို့ဋီကာကြီးတွင် တစ်ကြိမ်၊ မြန်မာစာညွှန့်ပေါင်းကျမ်းတွင်တစ်ကြိမ် ဖော်ပြခဲ့ပါသည်။

ဆရာကြီးက ကိုးခန်းပျို့ဋီကာကြီးတွင်

(ဆည်းညံ့ညံ့)ကား (ပေါ) လူသံမရှိ တိတ်ဆိတ်ခြင်းအနက်ဟောသည်။ ဤစကားသည် တိတ်ဆိတ်ခြင်း အနက်ဟောသော (သုညံ့)ဟူသောပါဠိစကားမှ ဖြစ်လှာသည်။ (သုညံ့)ကို (ဆုန်ညံ့)ဟု မွန်လူမျိုး၊ သီဟိုဠ်၊ ဟိန္ဒီလူမျိုးတို့ ရွတ်ကြသည်။ ၎င်း(ဆုန်ညံ့) ဟူသောစကားကို မြန်မာတို့က (ဆည်းညံ့)ဟူ၍လည်းကောင်း၊ ဆိတ်ညံ့ဟူ၍လည်းကောင်း ဖတ်ရွတ်ပြောဆိုကြသည်။ (ဆိတ်ညံ့)ကို ဆိတ်ညံ့ညံ့ ဟူ ၍လည်းကောင်း၊ ဆိတ်ဆိတ်ညံ့ညံ့ဟူ၍ လည်းကောင်း လုံးထပ်ပြောဆိုသကဲ့သို့ (ဆည်းညံ့) ကိုလည်း (ဆည်းညံ့ညံ့)ဟူ၍လည်းကောင်း၊ (ဆည်းဆည်းညံ့ညံ့)ဟူ၍ လည်းကောင်း၊ ပညာရှိတို့ ရေးသားပြောဆိုကြကုန်သည်။ (ဆည်းညံ့ညံ့)လျှင် လူသံတိတ်ဆိတ်၊ ထိတ်ထိတ်မောမော၊ ဤရပ်တောဝ်၌၊ ဖော်နှောမယှိ။ (ဘုရိဒတ်လင်္ကာ)။ (ဆည်းဆည်းညံ့ညံ့) လူသံဆိတ်ဆိတ်၊ ထိတ်ထိတ်ပွေပွေ၊ လေတဟုန်းဟုန်း၊ တမှုန်းမှုန်းနှင့်၊ (ဟံသာဝတီရောက်မင်းဆို၊ အဝမြို့ဘွဲ့တမ်းခြင်း)။ ။

တောကြီးဆိတ်ညံ၊ (ဆီးကျုံကျုံ)ဝယ်၊ ရူဝံမပေါ်၊ မမြော်ပါရဟူသော မဲဇာတောင်ခြေချီ မင်းလက်ဝဲသုန္ဒရဆိုသော ရတု၌ပါသော (ဆီးကျုံကျုံ) ဟူသောစကားနှင့်ယောင်မှားပြီးလျှင် ကိုးခန်းပျို့မှာ ဤနေရာ၌ "ဆည်းကျုံကျုံလျှင်"ဟူ၍ မှားယွင်းစွာရေးသားဖတ်ရွတ်တတ်ကြသည်။ (ဆီးကျုံကျုံ)ဟူသည်ကား ဆီးနှင်းတဖြောက်ဖြောက်မြည်၍ကျသည် ဆိုလိုသည်။ ထို့ကြောင့် ထိုရတု၌ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော် ဟူ၍ စပ်ဆိုသည်။ (ကျုံကျုံ)လည်း (ပေါ)မြည်သံဆိုလိုသည်။ ....ဤသို့ "မမှားကြစေလင့်"ဟူ၍ ရှင်းပြထားပါသည်။

ထို့ပြင်လည်း ဆရာကြီးက မြန်မာစာညွှန့်ပေါင်းကျမ်းတွင် မဲဇာတောင်ခြေချီရတုကို ဖော်ပြထားပြီး ဝေါဟာရအချို့ကို ခက်ဆစ်အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ "ဆီးကျုံကျုံ"ဟူသော ဝေါဟာရ၏အဓိပ္ပာယ်နှင့်ပတ်သက်၍ အောက်ခြေမှတ်ချက်တွင်-

"အချို့မူတို့၌ (ဆည်းကျုံကျုံဝယ်)ဟူ၍ (ဆ)တွင် ညသတ်နှင့် ယိုသည်ကား အမှားဖြစ်သည်။ (ဆီးကျုံကျုံ) ဟူ၍ (ဆ)တွင် ဤသရဝိသဇ္ဇနီနှင့် ယိုရမည်။ ဆီးနှင်းတဖြောက်ဖြောက်မြည်၍ ကျနေသည်ဟူ၍ ဆိုလိုသည်။ (ကျုံကျုံ)ဟူသော ပေါရာဏစကားသည် မြည်သံအနက်ကိုဟောသည်။ ဤသို့ အဓိပ္ပာယ်ယူခြင်းသည် 'သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်' ဟူသော တတိယပိုဒ်ပါစကားနှင့်လျော်သည်။ ဤ(ဆီးကျုံကျုံဝယ်)ဟူသောပုဒ်ဖြင့် ဆီးနှင်းတဖြောက်ဖြောက်နှင့် ပိတ်မှောင်အောင်ကျနေ၍ ရူဝံကြယ်နှင့်နေတို့ကို မမြင်ရကြောင်းကို ဖော်ပြသည်။ တိတ်ဆိတ်ခြင်းအနက်ကို မဖော်ပြဟုမှတ်ရမည်"ဟူ၍ ရှင်းပြထားပါသေးသည်။

ဤသို့လျှင် မြန်မာစာပေလောကတွင် ထင်ရှားသောပုဂ္ဂိုလ်ကြီးက ဆည်းကျုံကျုံကို အမှား၊ ဆီးကျုံကျုံမှအမှန်ဟု ဆိုထားသဖြင့်လည်းကောင်း၊ ယခင်ဖော်ပြခဲ့သော မြန်မာစာပေပညာရှင်ကြီးများကလည်း ဆီးကျုံကျုံ (ဆလိမ်လုံးကြီးတင်ဆန်ခတ်ဝစ္စပေါက်)ကို လက်ခံကြသဖြင့် လည်းကောင်း၊ လုံးကြီးတင်ဝစ္စပေါက်နှင့် ဆီးကျုံကျုံသည် အင်နှင့်အားနှင့် တွင်ကျယ်လာရခြင်းဖြစ်သည်ဟု ယူဆရန်ရှိပါသည်။

ဤတွင် ဆလိမ်လုံးကြီးတင်ဆန်ခတ်ဝိသဇ္ဇနီ "ဆီးကျုံကျုံ"နှင့်ပတ်သက်၍ ဆရာကြီးဦးကျော်ထွန်း၏ အယူအဆ၊ အစွဲအလမ်းကို ရှင်းပြလိုပါသည်။ စင်စစ်အားဖြင့် ဆရာကြီးသည် ဆလိမ်ညကြီးသတ်ဝိသဇ္ဇနီ "ဆည်းကျုံကျုံ"၏အဓိပ္ပာယ်ကိုလည်းကောင်း၊ "ဆည်းညံ့ညံ့"၏အဓိပ္ပာယ်ကိုလည်းကောင်း အသေအချာ သိထားသူဖြစ်ကြောင်း ဆရာကြီး၏ရှင်းလင်းချက်များအရ သိရပါသည်။ ဆည်းညံ့ညံ့နှင့် ဆည်းကျုံကျုံသည် အဓိပ္ပာယ်အတူတူဖြစ်သည်။ လူသံ၊ အသံမရှိ တိတ်တိတ်ဆိတ်ဆိတ်ဟု အဓိပ္ပာယ်ရသည်။ "တောကြီးဆိတ်ညံ၊ ဆည်းကျုံကျုံဝယ်" ဟူသော စကား၏အဓိပ္ပာယ်မှာ ဆိတ်ညံသော၊ ဆည်းကျုံကျုံဖြစ်သော တောကြီးဝယ်ဟူ၍ဖြစ်သည်။ "ဆိတ်ညံ"၏ အဓိပ္ပာယ်သည်လည်း တိတ်ဆိတ်၊ "ဆည်းကျုံကျုံ"၏ အဓိပ္ပာယ်သည်လည်း တိတ်ဆိတ်ဟူ၍ဖြစ်သည်။ "ဆီးကျုံကျုံ"ဟူသော အသုံးမျိုး သုံးရိုးအစဉ်အလာမရှိခဲ့ပါ။ အကယ်၍ ဆီးကျုံကျုံကို ဆီးနှင်းတဖြောက်ဖြောက်ကျသည်ဟု အဓိပ္ပာယ်ယူလျှင်လည်း "ဆိတ်ညံ"နှင့် "ဆီးကျုံကျုံ"အနက်နှစ်ခု ဝိရောဓိဖြစ်နေပေလိမ့်မည်။ "ဆိတ်ညံ"က အသံတိတ်ဆိတ်၊ "ဆီးကျုံကျုံ"က အသံမြည်၊ အသံဖြောက်ဖြောက်ကျဆိုသဖြင့် အဓိပ္ပာယ်ဝိရောဓိဖြစ်သည်။

ဆရာကြီးဦးကျော်ထွန်းက လုံးကြီးတင် ဆီးကျုံကျုံကို တပ်တပ်မက်မက်၊ စွဲစွဲလမ်းလမ်းဖြစ်နေသည်မှာ ယင်းရတု တတိယပိုဒ်တွင်ပါသော "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်"ဟူသော အဆိုကို အားကိုးထောက်ထားမိသောကြောင့် ဖြစ်သည်။ အခြေအနေမတူ၊ အဖြစ်သနစ်မတူ၊ အကြောင်းခြင်းရာမတူပေ။ ဤပိုဒ်စုံရတုသည် ရတုတစ်ပိုဒ်နှင့်တစ်ပိုဒ် ဆက်စပ်သည်ဟုယူဆရန် အချက်လည်းမရှိဟု ဆိုရပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## လှည်းကူးခရိုင်၌ သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**လှည်းကူး ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး ခရိုင်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နွယ်နီခင်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းသင်တန်းများဖွင့်လှစ်နိုင်ရေး၊ စာရင်းစစ်နှင့် စာရင်းကောက်များ အတည်ပြုသတ်မှတ်ခန့်ထားနိုင်ရေး စသည့် သန်းခေါင်စာရင်းနှင့် ပတ်သက်သည့် အကြောင်းအရာများကို ချပြရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် သန်းခေါင်စာရင်းအသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများ၊ စပို့ရှပ်အင်္ကျီနှင့် ဦးထုပ်များ ဖြန့်ဝေပေးခဲ့ပြီး အစည်းအဝေးသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကော်မတီဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန်ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြန်မာ့စာတိုက်လုပ်ငန်း**
**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က လျှပ်စစ်ကားများထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံ ထောက်ပံ့မည်




**ဝါရှင်တန် ဇူလိုင် ၁၃**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အမေရိကန် စီးပွားရေး၏ မောင်းနှင်အားတစ်ခုအဖြစ် လျှပ်စစ်ကားများထုတ်လုပ်ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ၇ ဘီလီယံ ထောက်ပံ့မည်ဟု ၎င်းဦးဆောင်သည့် အစိုးရအဖွဲ့က ဇူလိုင် ၁၁ ရက်တွင် ကြေညာခဲ့ကြောင်း သိရသည်။

လျှပ်စစ်ကားများထုတ်လုပ်မည့် အဆိုပါထောက်ပံ့မှုအစီအစဉ်ကို မော်တော်ကားကုမ္ပဏီ General Motors၊ Fiat Chrysler နှင့် အခြားသော ကားထုတ်လုပ်သည့်ကုမ္ပဏီများက ပံ့ပိုးကူညီပေးမည်ဖြစ်သည်။

မစ်ရှီဂန်၊ ပင်ဆယ်ဗေးနီးယားနှင့် ဂျော်ဂျီယာပြည်နယ်တို့တွင် ရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

ကားထုတ်လုပ်မှုအစီအစဉ်သည် အလုပ်အကိုင် ၁၅၀၀၀ ကို ပုံမှန်လည်ပတ်စေမည်ဖြစ်သည့်အပြင် အလုပ်အကိုင်အခွင့်အလမ်း ၃၀၀၀ ခန့်ကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

သို့သော် လျှပ်စစ်ကားများတွင် အစိတ်အပိုင်း အနည်းငယ်သာပါဝင်သည့်အတွက် တပ်ဆင်ရေးဆောင်ရွက်ရာတွင် အလုပ်သမားအနည်းငယ်သာ လိုအပ်မည်ဖြစ်ကြောင်း အလုပ်သမားသမဂ္ဂများက ပြောသည်။

ကုန်ထုတ်လုပ်ငန်း အသိုင်းအဝိုင်းများနှင့် အလုပ်သမားများကို နောက်ကွယ်မှ ကြိုးကိုင်ကာ ထောက်ခံမဲရရှိစေရေးအတွက် ကြိုးပမ်းခဲ့ကြောင်း သမ္မတ ဘိုင်ဒင်က သမ္မတဟောင်း ဒေါ်နယ်ထရမ့်အား စွပ်စွဲပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အစ္စရေးနိုင်ငံ၌ ခြင်မှတစ်ဆင့်ကူးစက်သည့် West Nile ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၁ဦးရှိလာ

**ဂျေရုဆလင် ဇူလိုင် ၁၃**

အစ္စရေးနိုင်ငံ၌ ခြင်မှတစ်ဆင့် ကူးစက်သည့် West Nile ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၁ဦးရှိလာကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

အစ္စရေးနိုင်ငံတွင် မေလမှစတင်၍ ယင်းဗိုင်းရပ်စ်ကူးစက်မှုများ စတင်ဖြစ်ပွားခဲ့သည်။

ယင်းဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၉ဦးထပ်မံတွေ့ရှိရပြီး နိုင်ငံအတွင်း စုစုပေါင်းကူးစက်ခံရသူ ၄၀၅ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မှတ်ချက်ပြုပြောကြားသည်။ ယင်းဗိုင်းရပ်စ်ပိုး သယ်ဆောင်လာသည့် ခြင်များပေါက်ဖွားရန် ပူနွေးသည့် ရာသီဥတုအခြေအနေကလည်း ပံ့ပိုးပေးနေကြောင်း ယင်းဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ ယင်းဗိုင်းရပ်စ်ပိုးကူးစက်ခံရသူများတွင် အသက် ၇၀ နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ကလေးများပါဝင်ကြောင်း သိရသည်။ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူအချို့တွင် အာရုံကြောစနစ် ထိခိုက်ပျက်စီးသည်ကို တွေ့ရှိရသည်။ ယင်းဗိုင်းရပ်စ်သည် ဗိုင်းရပ်စ်ပိုးကူးစက်ခံရသည့် ငှက်များကို ခြင်ကိုက်ရာမှ ယင်းခြင်ကိုက်ခံရသည့် လူသားများသို့ ကူးစက်ခြင်းဖြစ်သည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



# ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့၌ ဂျပန်ပွဲတော် ကျင်းပ

**ဆော်ပေါ်လို ဇူလိုင် ၁၃**

ဘရာဇီးနိုင်ငံ ဆော်ပေါ်လိုမြို့တွင် ဂျပန်ပွဲတော်ကို ယမန်နေ့က ကျင်းပခဲ့ကြောင်း သိရပြီး ပွဲတော်တွင် ဂျပန်ယဉ်ကျေးမှုနှင့် ဟင်းလျာများကို ပြသခဲ့သည်။

ယင်းပွဲတော်တွင် ဂျပန်နိုင်ငံရှိ ဒေသအသီးသီးမှ စီးပွားရေးလုပ်ငန်းများက ဆိုင်ခန်းပေါင်း ၃၀၀ ကျော်ကို ခင်းကျင်းပြသရောင်းချခဲ့သည်။

ဘရာဇီးနိုင်ငံတွင် ဂျပန်နိုင်ငံသား အများအပြားနေထိုင်ကြသည်။

ယင်းပွဲတော်အတွင်း ခင်းကျင်းပြသသည့် ဟင်းလျာများတွင် အေချီ စီရင်စုမှ ဟင်းလျာဖြစ်သည့် ထမင်းနှင့် ဝက်သားကြော်အား မီဆို ဆော့စ်ဆမ်းထားသည့် Miso-katsu ကဲ့သို့သော ဒေသန္တရ ဟင်းလျာပါဝင်သည်။ ဘရာဇီးနိုင်ငံတွင် ဂျပန်ဟင်းလျာများမှာ လူကြိုက်များသည့် ဟင်းလျာများအဖြစ် ရပ်တည်နေသည်။

ယခုပြပွဲတွင် နိုင်ငံအတွင်းရှိ ဒေသစုံမှ အစားအသောက်ထုတ်လုပ်ရောင်းချသူများအနေဖြင့် ဒေသထွက် စားသောက်ကုန်နှင့် ဟင်းလျာများကို ဂျပန်နိုင်ငံသို့ အစားအသောက်တင်သွင်းနေသည့်လုပ်ငန်းများအား ပြသနိုင်ခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– စိုးသူရ**

# ဂါဇာတောင်ပိုင်း ခန်းယူနွတ်မြို့ မာဝါစီဒေသအားတိုက်ခိုက်မှု၌ အမေရိကန်တာဝန်ရှိဟု ပါလက်စတိုင်းပြောကြား

**ဂါဇာ ဇူလိုင် ၁၃**

ဂါဇာတောင်ပိုင်း ခန်းယူနွတ်မြို့ မာဝါစီဒေသရှိ ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ တဲများအား အစ္စရေး၏တိုက်ခိုက်မှုများတွင် နောက်ကွယ်က ပံ့ပိုးသည့် အမေရိကန်သည် ယင်းတိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း ပါလက်စတိုင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်သည် အစ္စရေးနိုင်ငံအား နိုင်ငံတကာစည်းမျဉ်းကို ချိုးဖောက်ပြီး ငွေကြေးနှင့် စစ်ရေးဆိုင်ရာအကူအညီများ ပေးအပ်နေကြောင်း ပါလက်စတိုင်း တာဝန်ရှိသူ နေဗေးအဗူရူဒါနက်က ပြောကြားခဲ့သည်ဟု ပါလက်စတိုင်း သတင်းအေဂျင်စီ ဝါဖာက ထုတ်ပြန်သည်။ အစ္စရေးသည် အမေရိကန်၏ အကူအညီမပါဘဲ ပါလက်စတိုင်းနိုင်ငံသားများအပေါ် နိုင်ငံတကာစည်းမျဉ်းနှင့်ဆန့်ကျင်၍ ပြစ်မှုများ ကျူးလွန်မည်မဟုတ်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ယနေ့အစောပိုင်းတွင် ခန်းယူနွတ်မြို့ မာဝါစီဒေသရှိ ရွှေ့ပြောင်းအခြေချသူများနေထိုင်ရာတဲများအား အစ္စရေးက လေကြောင်းမှတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်းနိုင်ငံသား ၇၁ဦးသေဆုံးပြီး ၂၈၉ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဂျပန်နိုင်ငံ အနောက်ပိုင်း အီဟီမီစီရင်စုရှိ မတ်ဆူယာမာမြို့၌ မြေပြိုမှုဖြစ်ပွား၊ လူ သုံးဦး သေဆုံး

**တိုကျို ဇူလိုင် ၁၃**

ဂျပန်နိုင်ငံအနောက်ပိုင်း အီဟီမီစီရင်စုရှိ မတ်ဆူယာမာမြို့၌ မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင ်း တာဝန်ရှိသူများက ဆိုသည်။

မတ်ဆူယာမာမြို့ရှိမတ်ဆူယာမာရဲတိုက်တစ်ခု တည်ဆောက်ထားသည့် တောင်စောင်းတစ်ခုသည် ဇူလိုင် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီမထိုးမီတွင် ပြိုကျခဲ့ပြီး နေအိမ်များနှင့် တိုက်ခန်းအဆောက်အအုံများအတွင်းသို့ ရွှံ့များဝင်ရောက်ခဲ့ကြောင်း သိရသည်။

မြေပြိုကျသည့်နေရာသည် အကျယ် မီတာ ၅၀ နှင့် အမြင့် မီတာ ၁၀၀ ရှိသည်။




မီးသတ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်များသည် အဆိုပါနေရာ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ကို သေဆုံးလျက်တွေ့ရှိခဲ့သည်။ ၎င်းတို့သည် မြေပြိုမှုဖြစ်ပွားပြီးနောက် ပျောက်ဆုံးနေသည့် မိသားစု သုံးစုမှဖြစ်ကြောင်း တာဝန်ရှိသူများက နောက်ပိုင်းတွင် အတည်ပြုခဲ့သည်။

**အတည်ပြုပြောကြား**

သေဆုံးသူများမှာ အသက် ၉၀ အရွယ် အမျိုးသားတစ်ဦး၊ အသက် ၈၀ ဝန်းကျင်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက် ၄၀ အရွယ်ရှိ ၎င်းတို့၏သားတို့ဖြစ်ကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။

အဆိုပါဒေသတွင် ဒေသခံ ၂၂၀၆၂ ဦး နေထိုင်လျက်ရှိပြီး ဒေသခံများအား ဘေးလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းရန် တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ဇူလိုင် ၁၅ ရက်အထိ အဆိုပါစီရင်စုအတွင်း မိုးသည်းထန်စွာရွာသွန်းနိုင်ပြီး မြေပြိုမှုများ ထပ်မံ ဖြစ်ပေါ်နိုင်ဖွယ်ရှိသည့်အတွက် ဒေသခံပြည်သူများအား နောက်ဆုံးသတိပေးချက်များကို စောင့်ကြည့် ကြရန် တာဝန်ရှိသူများက တိုက်တွန်းထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဇူလိုင် ၁၃

စစ်ကိုင်းတိုင်း ဒေသကြီး အတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်း မြစ်ရေမြင့်တက်ကာ ခန္တီးမြို့နယ်နှင့် မော်လိုက်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့် ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မော်လိုက်မြို့နယ် ညောင်ဝန်းဘုရားကုန်း၊ ညောင်ပင်သာဘုန်းကြီးကျောင်း၊ အားကစားခန်းမဟောင်းတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် မြစ်ရေကြီးမှုနှင့်အတူ ပါရှိလာသည့် နုန်း၊ သဲနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် တရုတ်နိုင်ငံထုတ် Magnetic Nut Setter ၂၅၀၀၊ GL Lead Acid Battery ၁၇၂ လုံး အပါအဝင် ကုန်ပစ္စည်းလေးမျိုး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၄၉၅၂၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၁၂ ရက်တွင် နေပြည်တော်ကောင်စီ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် ဥတ္တရသီရိမြို့နယ်၌ တရားမဝင်အခြားသစ် ၂ ဒသမ ၇၂၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၆၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မြန်မာ့စက်မှုဆိပ်ကမ်း၌ သိမ်းဆည်းရမိမှု။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၂ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Nissan AD Van ယာဉ်တစ်စီး၊ Toyota Ipsum ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ဇူလိုင် ၁၃ ရက်တွင် မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၉ ဒသမ ၃၃၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၆၄၂၅၆)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၃၅၈၀၂၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်ရည်ရွယ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အင်းစိန် အထက(၁) ဧရာဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၆၉)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး အင်းစိန်မြို့နယ်တပ်ဖွဲ့စုမှူး ဒုရဲမှူး တင်ကိုက လမ်းဖြတ်ကူးရာတွင် လိုက်နာရမည့်အချက်များ၊ ခြေလျင်လျှောက်ရာတွင်လိုက်နာရမည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စသည့်အကြောင်းအရာများကို ဟောပြောခဲ့ပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများအား လက်ဝယ်အရောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။


ကျောင်းသား ကျောင်းသူများအား လက်ဝယ်အရောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၇-၂၀၂၄ တနင်္ဂနွေနေ့

### MRTV HD

၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္မာရဂ်သုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၄၀ သုတဝေခြွေမှုဝေရာပညာဘာက်တိုက်...စာကြည့်တိုက်
၀၉:၁၅ ကာတွန်းအစီအစဉ် **'ကျောက်တောင်၊ ကျောက်မျက်နှင့် ကျောက်တုံးဖိန်းကလေး'** (အပိုင်း-၁)
၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
၁၀:၂၀ 'ဝသန်မိုး' တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
၁၁:၄၀ အသိပညာနှင့်အမှန်တရား
၁၂:၃၅ This Week's Special Interest
၁၃:၃၀ MRTV National News
၁၄:၀၀ မြန်မာ့ဂန္ဓဝင်ရုပ်ရှင် **'ငြေနိုင်ငပေါင်'**
၁၆:၅၀ Sports Diary
၁၇:၀၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၁၇:၃၅ Economic Review
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နှိုင်း'** (အပိုင်း-၈)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
၂၁:၁၅ ကြွေလည်းဝေမြဲတမ်းတဆဲ **'စာဆိုတော်ရွှေတိုင်ညွန့်'** (အပိုင်း-၁)
၂၁:၃၅ မြန်မာဗီဒီယိုဇာတ်လမ်း **'တစ်နှစ်တချော်'**

### mitv

07:02 Evergreen Classic: Suvanna Sama
07:11 People's Military Service Law 3
07:22 Sri Ksetra, Field of Fortune & Glory (Part-3)
07:43 A Traditional Food in Bagan: Pone Ye Gyi
08:01 News
08:27 Asia Updates: From Leader to Outcast
08:51 The Bamboo Hat
09:01 Commercial Farming to GDP Growth, Pomelo Grower
09:31 Today Myanmr
09:39 Let's Taste Delicious Insects: Choice Mixed Insects and Lettuce Salad & Red Ant and Soy Bean Paste Curry
10:01 News
10:28 Topic Potpourri: The Hidden Artistry Behind Dinosaur Fossil Reconstruction

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
ရှမ်းမုန့်တီချက်နည်း
**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
စပျစ်သီးစိုက်ပျိုးခြင်း
**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကချင်ဝက်အူချောင်း
**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၂၁)
**စကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၉)
**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
လမြတ်ဝါဆို
**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
မွန်မြတ်သဒ္ဓါကျောက်ကာလပ်စေတီသာ
**ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀)**
ရင်သားကင်ဆာအကြောင်းသိကောင်းစရာ
**ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀)**
မင်းတပ်မြို့ကိုအလှဆင်တဲ့တောင်တန်းပေါ်ပန်းအလှများ
**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ကျန်းမာရေးအတွက် ငှက်သိုက်ပေါင်းရည်
**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
ပိုက်ဆိပ်ရွာသို့အလည်တစ်ခေါက်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၂:၁၅ စူးစမ်းရှာဖွေရေးဟောင်းအမွေ
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၉:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ဖြူစင်သောစိတ်ထား'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
၁၁:၀၀ အင်ဒိုနီးရှားနိုင်ငံ၏အဂတိတိုက်ဖျက်ရေးအကြောင်း(ထိုင်းနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၃)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တောင်သူ့ဘဝမြှင့်တင်ဖို့ စနစ်တကျလယ်မြေပေါ်ထုတ်ကြပါစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၀၀ New Flash
၁၈:၃၀ ကိုယ်ချစ်မဝမယ်မင်းကြီးမ (ဇာတ်လမ်း)
၂၂:၀၀ Dream Girl 2023 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၀၆:၄၀ Weekly Sports Info
၀၇:၄၅ Weekend News
၁၁:၀၀ အားကစားသတင်း
၁၅:၁၅ မြန်မာနေရှင်နယ်လိဂ် ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု Hantharwady United FC Vs Thitsar Arman FC

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# နမ့်စန်မြို့နယ်အတွင်း လက်နက်/ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ


စိုင်းနွံမိန်း(၂၅)နှစ်


စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်


စိုင်းကောင်(၂၆)နှစ်


ဘိုဘိုဟန်(၂၃)နှစ်



စိုင်းနွံလှိုင်း(၂၆)နှစ်

**နေပြည်တော်  ဇူလိုင် ၁၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်းမှ တရားမဝင် လက်နက်/ ခဲယမ်းများအား ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းသို့ သယ်ဆောင်ရန် ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပူးပေါင်းစစ်ဆေးဆောင်ရွက်မှုများကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နမ့်စန်မြို့နယ် မတ်ကျန်းကျေးရွာအနီး နားရိုင်းကျေးရွာလမ်းခွဲ၌ မတ်ကျန်းကျေးရွာဘက်မှ မောင်းနှင်လာသည့် ယာဉ်အမှတ်၊ 2K–7178 VIGO (အနက်ရောင်) ယာဉ်အားရပ်တန့်စစ်ဆေးရာဖွေခဲ့ရာ RCSS/SSA အဖွဲ့မှ စုမှူးအဆင့်ရှိ စိုင်းနွံမိန်း(၂၅)နှစ်၊ တပ်သားအဆင့်ရှိသူများဖြစ်သည့် စိုင်းဆု(ခ)ဆုဇေယျ(၃၁)နှစ်၊ စိုင်းကောင်(၂၆)နှစ်၊ ဘိုဘိုဟန်(၂၃)နှစ်နှင့် စိုင်းနွံလှိုင်း(၂၆)နှစ်တို့ ငါးဦးအား KIA အဖွဲ့က ထုတ်လုပ်သည့် KA (၄၀ မမ တွဲ)ငါးလက်၊ ၄၀ မမဆုံလည်(ခြောက်လုံးတွဲ) ငါးလက်၊ ၄၀ မမ တစ်လုံးထိုး ငါးလက်၊ ၇ ဒသမ ၆၂ ကျည် ၄၃၇၆၅ တောင့်၊ ၄၀ မမ ဗုံးသီး အလုံး ၄၅၀၊ KA ကျည်အိမ် ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။


၁၂-၇-၂၀၂၄ ရက်တွင် နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ RCSS/SSA အဖွဲ့မှ စိုင်းနွံမိန်း အပါအဝင် တရားခံ ငါးဦးနှင့်အတူ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။


ကျည်ဆံထည့်သည့်ပုံး ၁၃ ပုံး။

ဖြစ်စဉ်တွင် တရားခံ ကျား ငါးဦးနှင့်အတူ လက်နက်ငယ်မျိုးစုံ ၁၅ လက်၊ ကျည်မျိုးစုံ ၄၃၇၆၅ တောင့်၊ ဗုံးသီးမျိုးစုံ ၄၅၀၊ ကျည်အိမ်မျိုးစုံ ၁၅ ခု၊ လွယ်ကြိုး ၁၅ ချောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ စိုင်းနွံမိန်းမှာ RCSS/SSA အဖွဲ့ တပ်မဟာ(၇၅၉) မှ စုမှူးအဆင့်ရှိသူဖြစ်ပြီး ကျန်တရားခံ လေးဦးမှာ တပ်သားအဆင့်ရှိသူများ ဖြစ်ကြောင်း၊ သိမ်းဆည်းရမိ လက်နက်/ခဲယမ်းများအား ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် နားရိုင်းကျေးရွာလမ်းခွဲ၌ PNLA အဖွဲ့ဝင် သထိုထံမှ လက်ခံရယူ၍ PNLA အဖွဲ့နှင့် ချိတ်ဆက်ထားသည့် ကယားပြည်နယ်အတွင်းရှိ KNPP၊ KNDF အဖွဲ့များထံသို့ လည်းကောင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်အစပ်၌ လှုပ်ရှားလျက်ရှိသည့် KNLA အဖွဲ့ထံသို့လည်းကောင်း ပို့ဆောင်ပေးရန်အတွက် သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်း ဖြစ်ကြောင်း ဖော်ထုတ်သိရသည်။


KA(၄၀ မမတွဲ) ၅ လက်


၄၀ မမ ဆုံလည်(ခြောက်လုံးတွဲ) ၅ လက်

ဖြစ်စဉ်တွင် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများမှာ KIA လက်နက်ကိုင်အဖွဲ့မှ ထုတ်လုပ်သည့် လက်နက်/ခဲယမ်းများ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး KIA လက်နက်ကိုင် သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံသို့လည်းကောင်း၊ အခြားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့များထံသို့ လည်းကောင်း လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများအား ထောက်ပံ့ကူညီခြင်း၊ ရောင်းချပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အကြမ်းဖက်အဖွဲ့များနှင့် လက်နက်ကိုင် သောင်းကျန်းသူများက

**စာမျက်နှာ ၁၆ သို့**


၆၀ မမ ဗုံးသီး ၄၅၀ လုံး


၇.၆၂ ကျည် ၄၃၇၆၅ တောင့်

# KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၃**

KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် ကယားပြည်နယ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ ပြည်နယ်၏ မြို့တော်ဖြစ်သည့် ပြည်နယ် အစိုးရရုံးစိုက်ရာ လွိုင်ကော်မြို့နှင့် အနီးဝန်းကျင်တစ်ဝိုက်၌ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ လူနေအဆောက်အအုံများနှင့် ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို အကာအကွယ်ရယူ၍ အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်ခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ကျရောက်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဒေသခံတိုင်းရင်းသား ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနေစဉ်အတွင်း၌လည်း အများပြည်သူများ အစုလိုက်၊ အပြုံလိုက် သေကျေ ဒဏ်ရာရရှိစေလိုသော ယုတ်မာရက်စက်သည့် ရည်ရွယ်ချက်ဖြင့် လက်နက်ကြီးများဖြင့် အဝေးမှ ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ဒေသခံပြည်သူအချို့ ထိခိုက်သေဆုံးခဲ့ရသည်။

**အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်**

အလားတူ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်၌ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများသည် စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် လွိုင်ကော်တက္ကသိုလ်အား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရည်ရွယ်ချက်ရှိရှိ လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ပညာရေးဆိုင်ရာဝန်ထမ်းအချို့နှင့် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူအချို့တို့အား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့ကြသကဲ့သို့ ကယားပြည်နယ် လွိုင်ကော်ဒေသအတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ မိုးဗြဲ၊ ဖယ်ခုံ၊ လွိုင်ကော်၊ ဒီးမော့ဆိုမြို့နယ်အတွင်းရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တပ်၊ စခန်းများအား ဇန်နဝါရီ ၂၆ ရက်တွင် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြို့နှင့် အနီးပတ်ဝန်းကျင်အတွင်း ဒေသခံပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်း၊ လူနေအိမ်များ၊ ဈေးများနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန် ဌာနဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လူနေအိမ် အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသည်။

အဆိုပါ အကြမ်းဖက်သမားများ ထိန်းချုပ်ထားသည့် ဒေသများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေး(Counter– Terrorism Operation)ကို ဇန်နဝါရီ ၂၉ ရက်မှစ၍ အဆင့်ဆင့်ခြေကုပ်ယူ၍ ဆောင်ရွက်ခဲ့ရာ ဆီဆိုင်–လွိုင်ကော် လမ်းကြောင်း(၄၂) မိုင်အား မေ ၂၉ ရက်တွင် ပြန်လည်

**စာမျက်နှာ ၁၇ သို့ »»**





KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက လွိုင်ကော်တက္ကသိုလ်ပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ပြည်နယ်အစိုးရရိပ်သာပေါ်မှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာအား တွေ့မြင်ရစဉ်။





KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများက ယဉ်ကျေးမှုပြတိုက်အတွင်းမှ အကာအကွယ်ရယူ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်နေရာများအား တွေ့မြင်ရစဉ်။








လွိုင်ကော်တက္ကသိုလ်၊ လွိုင်ကော်လေယာဉ်ကွင်းနှင့် ပြည်နယ်အစိုးရဧည့်ရိပ်သာတို့တွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ဆောင်ရွက်နေစဉ်။

**❍ စာမျက်နှာ ၁၅ မှ**

အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် လမ်း၊ တံတား၊ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် အားပေးကူညီလျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

**သတင်းပေးတိုင်ကြားနိုင်**

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုလုပ်ငန်း ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဆက်လက်ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**



၄၀ မမ တစ်လုံးထိုး ၅ လက်ကို တွေ့ရစဉ်။



နမ့်စန်မြို့နယ် နားရိုင်းကျေးရွာလမ်းခွဲ၌ လက်နက်/ခဲယမ်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

»»» စာမျက်နှာ ၁၆ မှ

တိုက်ခိုက် ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက် သမားများနှင့် ထိတွေ့တိုက်ပွဲများ ၈၇ ကြိမ် ဖြစ်ပွားခဲ့သည်။ ယင်းမှ လွိုင်ကော်မြို့ လုံခြုံရေးနှင့် လေယာဉ်ကွင်းအား အဓိက နှောင့်ယှက်မှုပြုလုပ်ခဲ့ရာ စက်မှုဇုန်နယ်မြေနှင့် နာနတ်တောရပ်ကွက်တို့အား ဇွန် ၁၄ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ခဲ့ပြီး ထိုသို့ ဆောင်ရွက်ပြီးချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးခဲ့ရသည့် မြို့၊ ရွာများအတွင်း အပျက်အစီးများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဒေသခံပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် မိုင်းရှင်းလင်းရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းကို ဇွန် ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။



လွိုင်ကော်ယဉ်ကျေးမှုပြတိုက်တွင် သန့်ရှင်းရေးပြုလုပ်နေမှုအား ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်မှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု အားပေးစကားပြောကြားစဉ်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် လွိုင်ကော်မြို့အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသည့် နေရာများအား ဇွန် ၁၆ ရက်မှစ၍ ဆက်လက်ဆောင်ရွက်ခဲ့ရာ နာနတ်တောရပ်ကွက်၊ နှောင်ယား(က)ရပ်ကွက်၊ တေးငှားလျှားရပ်ကွက်၊ နှောင်ယား(ခ)ရပ်ကွက်၊ တောင်ကွဲစေတီ၊ စိန့်မာတင် ဘုရားကျောင်း၊ ယဉ်ကျေးမှုပြတိုက်၊ စက်မှုလက်မှုသိပ္ပံကျောင်း၊ ပြည်နယ်အစိုးရရိပ်သာ၊ ပြည်နယ်အဆင့် ဝန်ကြီးဌာနရုံးများနှင့် အရေးကြီးအဆောက်အအုံများ၊ လွိုင်ကော်လေဆိပ်အပါအဝင် ဇူလိုင် ၁၁ ရက်တွင် လွိုင်ကော်တက္ကသိုလ်တစ်ခုလုံးကိုလည်း ရှင်းလင်းရေးဆောင်ရွက်နိုင်ခဲ့ကာ လွိုင်ကော်မြို့အတွင်းရှိ စာသင်ကျောင်းများအနက် အချို့သောကျောင်းများကို ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းနှင့်တက္ကသိုလ်များ၊ စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိစဉ် မြို့ရွာများအား ထိခိုက် ပျက်စီးစေလိုသည့် အကြမ်းဖက်သမားများအနေဖြင့် ဇူလိုင် ၄ ရက်ကလည်း လွိုင်ကော်မြို့အတွင်းသို့ လက်နက်ကြီးများဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောဓမ္မရပ်ကွက်၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်၊ ကျောက်တောင် ရပ်ကွက်များအတွင်းသို့လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူတစ်ဦး သေဆုံးခဲ့ရကာ ကလေးငယ် လေးဦးအပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ရသည်။

**ကြည့်ရှုအားပေး**

တပ်မတော်စစ်ကြောင်းများက လွိုင်ကော်မြို့နှင့် အနီးပတ်ဝန်းကျင်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်ပြီးသည့် အချိန်၌ ဒေသခံပြည်သူများ အပါအဝင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးခြင်းတို့ကို အင်တိုက်အားတိုက် ဝိုင်းဝန်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်မင်းလတ်တို့က တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယခုအခါ ကယားပြည်နယ် လွိုင်ကော်ဒေသသည် နိုင်ငံတော်အစိုးရနှင့် တပ်မတော်တို့၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ပုံမှန်အခြေအနေအတိုင်း ပြန်လည်တည်ငြိမ်အေးချမ်းလာပြီဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ အဆက်မပြတ်ပြန်လည်ဝင်ရောက်နေထိုင်လျက်ရှိပြီဖြစ်ကြောင်းနှင့် လိုအပ်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုတာဝန်ရှိသူများကပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်အစိုးရညေ့်ရိပ်သာ ပျက်စီးမှုကို တွေ့ရစဉ်။



KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် ပြည်နယ်ရဲတပ်ဖွဲ့ရုံးရှိ မော်တော်ယာဉ်များ ပျက်စီးမှုကို တွေ့ရစဉ်။








KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်မြို့ရှိ ဒေသခံပြည်သူများ၏ နေအိမ်များ ပျက်စီးမှုကို တွေ့ရစဉ်။







KNPP/KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများ၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် လွိုင်ကော်တက္ကသိုလ်၊ ယဉ်ကျေးမှုပြတိုက်နှင့် နှစ်ထပ်ဈေးတို့ပျက်စီးမှုကို တွေ့ရစဉ်။

## ကောင်းမြတ်ရောင်းဝယ်ရေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်တွင် ကောင်းမြတ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်သမဝါယမဦးစီးဌာန ရုံးခန်း၌ ကျင်းပသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် ကောင်းမြတ်ရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးမြင့်သန်းက အမှာစကားပြောကြားပြီး အစုပေါ်အမြတ်ငွေများကို အသင်းသားများအား ထုတ်ပေးခဲ့သည်။

ဆက်လက်၍ မေတ္တာရှင်ဖွံ့ဖြိုးတိုးတက်ရေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဒေါ်တင်တင်လှိုင်က အမှာစကားပြောကြားပြီး အသင်းသားများအား အစုပေါ်အမြတ်ငွေများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# (၄၁)ကြိမ်မြောက် တောင်သူနည်းပညာပေးဆွေးနွေးပွဲ၌ ဆီထွက်ပဲပုပ်တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး ဆွေးနွေး



နေပြည်တော်   ဇူလိုင်   ၁၃

(၄၁)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေး ဌာနခွဲမှ ပညာရှင်များ၊ စိုက်ပျိုးရေးသုတေသနဦးစီး ဌာနမှ သုတေသီများနှင့် နေပြည်တော်ကောင်စီ နယ်မြေမှ တောင်သူများတက်ရောက်၍ ဆီထွက်ပဲပုပ် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး ခေါင်းစဉ်ဖြင့် ဆွေးနွေး ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လယ်ယာ ကဏ္ဍဆိုင်ရာ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန သုတေသနမှူး ဒေါက်တာမာမာဝင်းနှင့် စိုက်ပျိုးရေး ဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ပဲမျိုးစုံဌာနစိတ်မှ ပညာရှင်များက ဆီထွက်ပဲပုပ်တိုးမြှင့်စိုက်ပျိုး ထုတ်လုပ်ရေးနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြပြီး တောင်သူများ၏မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက သုတေသီများ၊ ပညာရှင် များနှင့် တောင်သူများ ပုံမှန်ထိတွေ့ပြီး အပြန်အလှန် အားဖြင့် သိရှိလိုသည်များ၊ တင်ပြလိုသည်များ၊ အကြံပြုဆွေးနွေးလိုသည်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကြစေရန်နှင့် ဟန်ချက်ညီ ပူးပေါင်း ဆောင်ရွက်နိုင်ကြစေရန် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို အပတ်စဉ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးပညာရှင် ဝန်ထမ်းများအနေဖြင့်တောင်သူ များ၏လိုအပ်ချက်နှင့် လိုလားချက်အမှန်ကိုသိရှိပြီး မြန်ဆန်ထိရောက်စွာ တုံ့ပြန်ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းကြရန်လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးနှင့် ဆီကြိတ်ဖတ်မှ မွေးမြူရေးတိရစ္ဆာန်အစာ လိုအပ်ချက် ဖြည့်ဆည်းပေးနိုင်မည့် ပဲပုပ်သီးနှံ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ခြင်းကို အခြေအနေပေး သည့်ဒေသများတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ပဲပုပ်ဆီထွက်ရှိမှုမြင့်မားရေးနှင့် အရည်အသွေး ကောင်းမွန်သော မွေးမြူရေးတိရစ္ဆာန်အစာကုန်ကြမ်း အဖြစ် အသုံးပြုနိုင်စေရေးအတွက် ကြိတ်ဖတ်တွင် ဆီကျန်ရှိမှုပမာဏ အနည်းဆုံးထုတ်လုပ်သည့် အဆင့်မြင့်ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးလာရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများနှင့် တောင်သူ များက ဆီထွက်ပဲပုပ် တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရေး အတွက် ကျရာကဏ္ဍများမှ တက်ကြွစွာပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ဆွေးနွေး ပြောကြားပြီး ဆွေးနွေးပွဲ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားဆွေးနွေးခဲ့ ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းဆုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး



ချောင်းဆုံ   ဇူလိုင်   ၁၃

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန မြို့နယ် ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၁၂ ရက်တွင် အထက(မုဒွန်း)၌ ဒေသခံများနှင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ကွင်းဆင်း ဆောင်ရွက်ပေးပြီး လက်ဝယ် အရောက် ပြန်လည်ပေးအပ်ခဲ့ သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာ တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ချောင်းဆုံမြို့နယ်ဦးစီးမှူးရုံး ဦးစီး အရာရှိ ဦးသန့်ရှင်းရွှေနှင့် ဝန်ထမ်း များက အသက် ၁၀ နှစ်ပြည့်ပြီးသူ နိုင်(၃)က ၅၁ ဦးအား နိုင်ငံသား စိစစ်ရေးကတ်ပြားများ ချက်ချင်း ပြုလုပ်ပေးပြီး တာဝန်ရှိသူများ က ကျောင်းသား ကျောင်းသူများ နှင့် ပြည်သူများ လက်ဝယ် အရောက် ပြန်လည်ပေးအပ်ခဲ့ ကြောင်းနှင့် ကျန်ရှိသည့်ကျေးရွာ များတွင်လည်း ဆက်လက် ကွင်းဆင်း ဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



# ကျောက်တံတားမြို့နယ်၌ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရန်ကုန်   ဇူလိုင်   ၁၃

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ မြန်မာ့နိုင်ငံခြားကုန်သွယ်မှု ဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၂ ရက်က မဟာဗန္ဓုလပန်းခြံလမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အသင်းသားများအား စုဆောင်းငွေပေါ်အတိုး ၄၅၂၇၆၀ ဒသမ ၂၅ ကျပ် ထုတ်ပေးခဲ့ပြီး မြန်မာ့နိုင်ငံခြား ကုန်သွယ်မှု ဘဏ် ငွေစုငွေချေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်မော်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စန္ဒာအေးဝင်းက အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လမ်းမတော်မြို့နယ် အထက(၁)၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန်   ဇူလိုင်   ၁၃

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၁)၌ (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁ နာရီက အဆိုပါကျောင်းရှိ စွမ်းအားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက (၁)လမ်းမတော်ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးချိုမြင့်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင်ကိုးဦး၏ အတ္ထုပ္ပတ္တိအကြောင်းကို ဟောပြော သည်။

အဆိုပါဟောပြောပွဲသို့ ပညာရေးစစ်ကြောင်းအဖွဲ့ဝင်များ၊ ဌာန ဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တက်ရောက်ခဲ့ကြသည်။ ထို့နောက် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာများ၌ လျှပ်စစ်အိမ်သုံးမီတာစီမံချက်ဖြင့်တပ်ဆင်

ရမည်းသင်း   ဇူလိုင်   ၁၃

ရမည်းသင်းမြို့နယ်အတွင်း ယခင်နှစ်က (C.T) မိန်းမီတာဖြင့် လျှပ်စစ်မီးလင်းပေးထားပြီးဖြစ်သော ကျေးရွာများအား ယခင်ဈေးနှုန်း ဟောင်းသတ်မှတ်ကြေး ပေးသွင်းလျှောက်ထားသူများအား စီမံချက်ဖြင့် တပ်ဆင်ပေးလျက်ရှိရာ အင်တိုင်းကျေးရွာ၌ လျှပ်စစ်အိမ်သုံးမီတာ ၃၂၆ လုံး လျှပ်စစ်လိုင်းမင်းများမှ ဇူလိုင် ၁၂ ရက်တွင် နေ့ချင်းပြီး တပ်ဆင် ပေးပြီး မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် မီတာစာရေးများ၊ ကျေးရွာအုပ်ချုပ် ရေးမှူး၊ လျှပ်စစ်မီးလင်းရေးကော်မတီတို့လိုက်ပါ၍ ကွင်းဆင်းစစ်ဆေး ကြသည်။ စက်မှုသုံး၊ စီးပွားရေးလုပ်ငန်းသုံးဈေးဆိုင်များ၊ စီးပွားရေး လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းသုံး နှုန်းထားအတိုင်း ဓာတ်အားခ များ ကောက်ခံသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**တပ်ဆင်ပေး**

ဆက်လက်၍ အင်တိုင်းကျေးရွာအုပ်စုမှ ကင်းရွာ၊ သပြေပင်ရွာနှင့် ဝါးဖြူတောင် အထက်/အောက်ရွာ၊ ကျောင်းကုန်းရွာ၊ ချောင်းဖျားရွာတို့ကို အိမ်သုံးမီတာများ ဆက်လက်၍တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

၁၄၄

# ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံး၌ လူမှုဖူလုံရေးအကျိုးခံစားခွင့် ပေးအပ်

မန္တလေး   ဇူလိုင်   ၁၃

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျိုးဝင်မှတ်ပုံတင်ထားသူအား လူမှုဖူလုံရေးအကျိုးခံစားခွင့် ပေးအပ် ပွဲကို ယမန်နေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မဟာအောင်မြေ ခရိုင် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။


အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည် ထွန်းက လူမှုဖူလုံရေးနှင့်ပတ်သက်သော အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အကျိုးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့မီးရထား (မြစ်ငယ်)မှ အာမခံအလုပ်သမား ဦးသက်ဖြိုးအောင်အား အလုပ်တွင် ထိခိုက်ဒဏ်ရာရရှိမှုအတွက် ငွေကျပ် ၂၇၉၄၁၇၆ ကိုပေးအပ်ခဲ့ကြောင်း သိရ သည်။

**မောင်အေးချမ်း**



ဝတ္ထုတို

## မနောမြေ




အရှိန်တင်မောင်းနှင်သည့် ဆိုင်ကယ်ကို လီဗာလျှော့ပြီး ဘရိတ်နင်းလိုက်သည်။ ပြီး ဒေါက်ထောက်လိုက်၏။ ဆိုင်ကယ်ဦးထုပ်မေးသိုင်းကြိုးကို ဖြုတ်နေရင်း "စံရိပ်ငြိမ်"စားသောက်ဆိုင်လေးအတွင်းသို့ လှမ်းကြည့်လိုက်ရာ...။ လူရှင်းပြီ ဝိုင်းလွတ်တွေက အများသား။ မိန်းလမ်းမကြီးဘေးကဆိုင်မဟုတ်ဘဲ ရပ်ကွက်လမ်းကြားလေးထဲကဆိုင်လေးမို့ လူသူရှင်းနေတတ်သည်မှာမဆန်း။ အစားအသောက်တွေ၏အရသာကလည်းမဆိုး။ စုံစုံလင်လင်ရနိုင်သည့် ဆိုင်ကလေးမို့ သူနှင့်ကျွန်တော် ဒိတ်လုပ်နေကျ။ သူဆိုတာကကျွန်တော့်ရဲ့ချစ်လှစွာသောလေးပင်။

လက်ပတ်နာရီကို ကြည့်လိုက်ရာ ချိန်းထားသည်ထက် အတော်လေးစောရောက်နေမိသည်ကို တွေ့ရသည်။ စောင့်ရသည်ကို စိတ်မရှည်ပေမယ့် သူ့ကိုစောင့်ရခြင်းကိုမူထူးခြားစွာ မြတ်နိုးမိနေတတ်ပြန်သည်။ သူရောက်မလာခင် စပ်ကြားလေးမှာ ပြောရမည့်စကားလုံးလေးတွေကို ကြိုတင်စဉ်းစားထားမည်။ အစားအသောက်အမှာစာရင်း လာယူသောစားပွဲထိုးလေးကို နောက်မှမှာမယ်ဟု ပြောလိုက်၏။ အလုပ်ပြီးပြီးချင်း ဝင်လာခဲ့သည်မို့ ပါလာသည့်လက်တော့ပ်ကိုထုတ်ကာ မပြီးသေးသည့်စာရင်းများကို စစ်နေလိုက်ပါသည်။

"ချီးယာ့စ်..."

တဝွပ်ဝွပ်မြည်လာသော ခွက်တိုက်သံများကြောင့် ဘေးဘီကိုကြည့်လိုက်ရာ ကျွန်တော့်နောက်နားလေးက ထောင့်စွန်ဆုံးဝိုင်းမှာ ၁၇၊ ၁၈ အရွယ် လူငယ်လေးတစ်သိုက် ဝိုင်းတည်နေကြသည်ကိုတွေ့ရ၏။ လက်တော့ပ်ထဲ စိတ်ရောက်နေမိသဖြင့် သူတို့ဘယ်အချိန်ဝင်လာခဲ့သလဲပင်မသိလိုက်။ ဝတ်စားပုံနဲ့ပါလာသည့် လွယ်အိတ်လေးများကို ကြည့်ခြင်းအားဖြင့် တက္ကသိုလ်ကျောင်းသားလေးတွေမှန်းသိသာလှပါသည်။

ဒီအရွယ်ကလေးများဟာ တက္ကသိုလ်ထဲက စာသင်ခန်းထဲမှာသာရှိသင့်သည်။ သက်ဆိုင်ရာမေဂျာ၏ အသိပညာများကို လေ့လာနေသင့်ပါသည်။

"ဟေ့ကောင်တွေ...မင်းတို့ကြိုက်သလောက်သောက်၊ ကြိုက်သလောက်စား... ဒီဝိုင်းငါရှင်းမယ်"

အယ်လ်ကိုဟောအရှိန်နဲ့ အာလေးလျှာလေးကြီးပြောပြီးဝိုင်းဒကာခံနေသော တစ်ယောက်ကို ကျွန်တော်ကြည့်လိုက်မိသည်။ ထွန်းမောင်၊ ထွန်းမောင်။ ဟုတ်သည်။ လူတူမရှား၊ နာမည်တူမရှား။ ကျွန်တော့်သူငယ်ချင်း ထွန်းမောင်နှင့် ခပ်ဆင်ဆင်တူသည့်ကောင်လေး။ ထိုကောင်လေး၏ မျက်လုံး၊ ရယ်လိုက်လျှင် ပေါ်လာသည့် ပါးချိုင့်မထင့်တထင်နှင့် သွားတက်ကလေးများက ထွန်းမောင်ကို ပိုပိုသတိရစေမိပါသည်။

x x x x x x x x

"ထွန်းမောင်... မင်းဘယ်သွားဦးမလို့လဲ"

မနက်လင်းသည်နဲ့ အပြင်ထွက်ဖို့ရန်ပြင်နေသော ထွန်းမောင်ကိုမေးလိုက်ခြင်းဖြစ်၏။

"ဘယ်မှ မသွားပါဘူးကွာ....ဟိုကောင်တွေနဲ့ ဒိုးစရာရှိလို့"

ဟိုကောင်တွေဆိုတာနဲ့ ကျွန်တော်သိလိုက်ပါပြီ၊သက်နိုင်တို့အုပ်စု၊ပေတေတေ ဂျစ်ကန်ကန်အဖွဲ့။ ထွန်းမောင်က တက္ကသိုလ်ရောက်မှ ဒီအဖွဲ့နဲ့ တော်တော်လေးပေါင်းမိသွားသည်။ နကိုကတည်းက ခပ်ကြွကြွဖြစ်နေရာမှ အခုပို၍ပင် ကြွစောင်းစောင်း ဖြစ်လာသည်။

သူနှင့်ကျွန်တော်က ငယ်သူငယ်ချင်းဖြစ်သည်။ ဆယ်တန်းအတူအောင်ပြီး အမှတ်လည်းကောင်းသဖြင့် နှစ်ယောက်လုံး မေဂျာကောင်းတွေရကြပါသည်။ အိမ်နီးနားချင်းလည်း ဖြစ်ကြသည်မို့ ညီအစ်ကိုတမျှ ချစ်ခင်ခဲ့ကြ၏။ အဆောင်တူတူငှားနေခဲ့ကြသည်။

"မနက်ဖြန် ကျူတိုရီရယ်ရှိတယ်နော်....စာမေးပွဲကလည်း ဖြေတော့မယ်။ မင်း...စာလေးဘာလေး လုပ်ပါဦးကွာ... အပြင်ထွက်တာလေးလျှော့ပြီး"

"အေးပါကွာ...လူငယ်ဘဝဆိုတာ လွတ်လွတ်လပ်လပ် နေရတယ်သိလား။ အထူးသဖြင့် တက္ကသိုလ်ကျောင်းသားဘဝဆိုတာ လူတိုင်းရနိုင်တာမဟုတ်ဘူး။ ငါတော့မင်းလို စာချည်းပဲ လုပ်မနေနိုင်ဘူး ငါ့ကောင်ရေ...သွားပြီ"

လေချွန်ရင်း အခန်းထဲမှထွက်သွားသော ထွန်းမောင်ကိုကြည့်ပြီး ကျွန်တော် သက်ပြင်းချမိပါသည်။

အထက်တန်းအထိတော့ ထွန်းမောင်က လူရိုးလူအေးပင်။ သက်နိုင်တို့နဲ့ပေါင်းပြီး အရက်၊ ဘီယာ ခပ်စိပ်စိပ်သောက်လာသည်။ ဆေးလိပ်ကလေး လက်ကြားညှပ်ကာ စတိုင်လ်ထုတ်လာသည်။ သက်နိုင်တို့ကလည်း ဆေးသုံးသလိုလိုသတင်း ထွက်နေပြန်သေးသည်။ ကျွန်တော် ထွန်းမောင်ကို စိတ်ပူမိသည် ကားအမှန်....။

"လွတ်လပ်မှုတွေမှာ စည်းကမ်းမဲ့ရင် လူကိုပျက်စီးစေတယ်။ အထူးသဖြင့် တက္ကသိုလ်ရဲ့ လွတ်လပ်မှုဟာ မထိန်းသိမ်းတတ်ရင် ဘဝကိုပါ ပျက်စီးစေတယ်" ဆိုသည်ကိုတော့ သူ့ကို ကျွန်တော်မပြောဖြစ်လိုက်တော့....။

x x x x x x x x

"ငါ့ကို ပိုက်ဆံနှစ်သောင်းလောက် ခဏချေးဦး"

တစ်နေ့...ထွန်းမောင် မနက်စောစော ကျွန်တော့်ဆီ ပိုက်ဆံချေးလာသည်။

အပြင်လည်း အရင်ကထက်ပိုထွက်လာသည်ကို ကျွန်တော်သတိထားမိပါသည်။ ငါးထောင်၊ တစ်သောင်း ခဏခဏ ချေးသည်။ တစ်ခါမှလည်း ပြန်မဆပ်။ အပေါင်းအသင်း တချို့ဆီကပါ ထွန်းမောင် ဆေးသုံးနေပြီဟူ၍ ကြားရခဲ့ပြီ။ တစ်ခါမှတော့ မေးမကြည့်ဖူး။ လူရင်းတွေပေမယ့် ဒီလိုကိစ္စတွေကို တိုက်ရိုက်မေး၍ မကောင်းမှန်း ကျွန်တော်သိပါသည်။

"ဘာလုပ်ဖို့လဲ...ဟိုနေ့ကမှ အိမ်က လွှဲခဲ့တာမလား"

"အသုံးလို လို့ပေ့ါကွာ"

"ငါမချေးချင်တာ မဟုတ်ဘူး ထွန်းမောင်...မင်းခုတလော ပိုက်ဆံအရမ်းသုံးနေတယ်။ ငါ့ဆီကချေးပြီးလည်း ပြန်မဆပ်ဘူး"

တကယ်တော့ ကျွန်တော်မချေးချင်ပါ။ ငွေရေးကြေးရေးကြောင့် မဟုတ်။ ထွန်းမောင်ပျက်စီးသွားမှာ ကျွန်တော် တကယ်စိုးရိမ်၍ဖြစ်ပါသည်။ ကြားနေသည့် သတင်းမှန်၊ မမှန် ကျွန်တော် တိုက်ရိုက်မေးတော့မယ်ဟု ဆုံးဖြတ်လိုက်သည်။

"ငါသတင်းကြားတာများ ဟုတ်နေမလား.....မင်းဆေးသုံးနေပြီဆို"

ထွန်းမောင် မျက်နှာတွင်မလုံမလဲဖြစ်သွားသော အရိပ်တစ်ခုကို ကျွန်တော် တွေ့လိုက်ရပါသည်။

"မ...မဟုတ်ပါဘူးကွာ၊ သုံးစရာလား"

"အေးပါ...မင်းဆေးတွေ ဘာတွေတော့ မသုံးပါနဲ့ကွာ"

သူကမဟုတ်ဘူး ပြောသဖြင့် ကျွန်တော်လည်း ပိုက်ဆံထုတ်ပေးလိုက်ပါသည်။ စိတ်ထဲမှာတော့ သံသယအခိုးအငွေ့များက မှိုင်းထနေတော့သည်။ "အင်း" ဟုသာပြောပြီး ပိုက်ဆံယူကာ ခပ်သုတ်သုတ် ထွက်သွားသည့် ထွန်းမောင်ကိုကြည့်ကာ ကျွန်တော်သက်ပြင်းသာချနေရတော့သည်။

သို့သော် တစ်နေ့၌ အင်္ကျီဂျာကင်တစ်ထည် ကြမ်းပြင်ပေါ်တွင် ကျနေသည်ကိုတွေ့သောကြောင့် ကျွန်တော် ကောက်ယူလိုက်ချိန်တွင် အဖြူရောင်အမှုန့်လေးတွေထည့်ထားသော ပုလင်းသေးသေးလေးက တောက်ခနဲကျလာပါသည်။ ပြီးလျှင် ငွေရောင်စက္ကူခဲပတ်အပိုင်းလေး။

အပြင်မှာ တစ်ခါမှမမြင်ဘူးပေမယ့် ရုပ်ရှင်၊ ဓာတ်ပုံများအရ ဘိန်းဖြူ ဟုခေါ်သည့် ဆေးတွေမှန်း ကျွန်တော်သိပါသည်။

ထိုနေ့က ထွန်းမောင်နှင့် ကျွန်တော် စကားများခဲ့ကြသည်။ ကျွန်တော့်မျက်စိရှေ့တွင် ထွန်းမောင်ပျက်စီးနေတာကို မလိုလား။ ကျွန်တော်ပွင့်ပွင့်လင်းလင်းမေးခဲ့သည်။ သူလည်း အမှန်ကိုဝန်ခံပြီ။

လမ်းမှားကို စတင်ခြေချမိသူများသည် နောက်ပြန်လှည့်ရန် ခက်ခဲတတ်ကြသည်။ ထွန်းမောင်သည်လည်း အမှားတွေ တစ်ခုပြီးတစ်ခု လုပ်လာတော့သည်။

တစ်နေ့၌ ထွန်းမောင်အမေ ကျွန်တော့်ထံ ငိုကြီးချက်မဖြင့် ရောက်လာခဲ့သည်။

"ထွန်းမောင်တော့ မိန်းမခိုးသွားပြီတဲ့ကွယ်...."

တကယ်တော့ ကျွန်တော်ပင် ထွန်းမောင်မှာ ရည်းစားရှိမှန်းမသိခဲ့။ စကားများခဲ့ကြသည့် နေ့ကတည်းကပင် သူကျွန်တော့်ကို ခပ်ခွာခွာနေခဲ့သည်။ ခုလိုဖြစ်သွားတော့ ကျွန်တော်ပင် အံ့သြရပါသည်။ သား ဆေးသမား ဖြစ်မှန်းသိရသည့်နေ့ကစပြီး စိတ်ဆင်းရဲခဲ့သော သူ့အမေခမျာ အပူပေါ်အပူဆင့်ရပြန်တော့သည်။ စာမေးပွဲလည်း ခဏခဏကျပြန်သည်။ ကျွန်တော် နောက်ဆုံးနှစ်ရောက်သည့်တိုင် သူဒုတိယနှစ်ကို ကျကောင်းတုန်း။

ထွန်းမောင် ခိုးပြေးလိုက်သည့် မိန်းကလေးက လူကုံထံမျက်နှာကြီးမျိုးထဲကမို့ မိန်းကလေးရှင်များက သဘောမတူချင်ကြ။ ထွန်းမောင်အမေခမျာ မရှိ၊ ရှိတာလေး ပေါင်နှံရောင်းချပြီး မင်္ဂလာပွဲလုပ်ပေးရသည်။ မိန်းမရ၊ အလုပ်လုပ်လျှင်ခြေငြိမ်သွားမှာပါဟု ထင်ခဲ့ကြသည်။ သို့သော် မဟုတ်ခဲ့ပါ။ အစပိုင်းတော့ ဟုတ်မလိုလိုရှိလာသေးသည်။ နောက်ပိုင်းတွင် ဒုံရင်းဟာဒုံရင်း ဖြစ်ရုံမကပို၍ပင် ဆိုးလာသေးသည်။ အမြဲတစေ သောက်စားလာသည်။

ဆေးကိုလည်း ရှုသည့်အဆင့်မက။ အကြောထဲထိုးသွင်းလာသည်။ ယူပြီးမှ ဆေးသမားမှန်းသိရသော မယားသည်လည်း လင်ဆိုးမယား တဖားဖားဖြစ်ရရှာသေးသည်။

မူးပြီးပြန်လာလျှင် ပြဿနာပတ်ရှာတော့သည်။ မယားကို လက်ပါလာသည်။

ထွန်းမောင်၏ ပျက်စီးခြင်းကို ကျွန်တော်လည်း တား၍မရ။ ဆေးသမားဖြစ်သည့်အလျောက် ပိုက်ဆံကအမြဲတစေလိုပြန်သေးသည်။ လုပ်ငန်းကစာရင်းများကို လိမ်တင်ပြီး ပိုက်ဆံယူသည်။ ဆေးမရသည့် အခါမျိုး၊ မူးလာသည့်အခါများတွင် ထွန်းမောင်ထံ၌ လူစိတ်မရှိတော့။ နောက်ဆုံး ဝမ်းတွင်းက မကျွတ်သေးသည့် ကလေးကိုပါသတ်မိခဲ့ပါသည်။

ထိုနေ့က ထွန်းမောင်အရက်မူးပြီး ပြန်လာသည်။ မယားကို ပြဿနာရှာစကားများ၊ ရိုက်နှက်သည်။ လက်လွန်မိသဖြင့် လရင့်စပြုနေသော ကိုယ်ဝန်ပျက်ကျသွားတော့သည်။ ကံကောင်းသည်ဟုဆိုရမည်က အမျိုးသမီး၏ အသက်အန္တရာယ်များစွာ မစိုးရိမ်ခဲ့ရ။ သည်းမခံနိုင်သော မိန်းကလေးရှင်များဘက်ကမူ အိမ်တွင်းအကြမ်းဖက်မှု၊ ငွေစာရင်းလိမ်လည်မှုတို့ဖြင့် ထောင်ချပစ်လိုက်လေသည်။ သို့ပေမယ့်ကံတရားက ထွန်းမောင်ကို အမှားတွေလုပ်ဖို့ရာ ခွင့်ပေးခဲ့လေသလား....။

မကြာခင်မှာပင် လွတ်ငြိမ်းချမ်းသာခွင့်နဲ့ လွတ်ခဲ့ရ၏။ နောင်တကားမရ၊ အသိကားမဝင်သေး။ ဖျောက်မရသော ဗီဇ၊ ပြင်မရသော အကျင့်ဆိုးက တစ်စခန်းထလာပြန်သည်။ မယားမရှိတော့ အမေကို ဒုက္ခပေးသည်လေ။ ဆေးဖိုးမရသည့်အခါ အိုးပေါက်ခွက်ပေါက်လုပ်၏။

ဆေးဖြတ်စခန်းကလည်း ထွန်းမောင်ကို မကယ်နိုင်တော့။ တခြားဘယ်သူမှလည်း ကယ်နိုင်တော့မည်မထင်။

မိုးသည် အသည်းကြီးမဟုတ်ပေမယ့် တော်တော်လေး ရွာနေသည်။ မိုးအရှိန်နဲ့ ညသည် ပိုမှောင်သည်ထက် မှောင်နေသည်။

ထိုအချိန်တွင် အမေအိုတစ်ယောက်သည် ရေးကြီးသုတ်ပြာနဲ့ ကျွန်တော့်အိမ်ရောက်လာခဲ့သည်။ မျက်နှာတွင် စိုးရိမ်သောကများအပြည့်။

"ထွန်းမောင် အခုထိပြန်ရောက်မလာသေးဘူး...ဘယ်ရောက်နေလဲမသိဘူး။ ကူညီပါဦးကွယ်....."

ငိုသံကြီးနဲ့ ပြောလာသောကြောင့် ကျွန်တော်လည်း မနေသာတော့ဘဲ မိုးကာအင်္ကျီနှင့် လည်ရှည်ဖိနပ် ကောက်စွပ်ကာ ဓာတ်မီးတစ်လက်နဲ့ လိုက်ရှာရတော့သည်။ ရပ်ကွက်အတွင်းက ထွန်းမောင်သွားတတ်ရာ အိမ်တွေလည်းနှံ့ခဲ့ပြီ။ မတွေ့။

နောက်ဆုံး၌ ရပ်ကွက်အစွန်ကတဲဟောင်းတစ်လုံးကို မကြာခဏ သွားတတ်သည်ဟု သတင်းရ၍ ရပ်ကွက်ထဲက သူ့အသိများနှင့် လိုက်ရပြန်သည်။ လည်ရှည်ဖိနပ် စီးထားပေမယ့် ဆေးထိုးအပ်၊ စလင်းပိုက်များကို မနည်းကြီးသတိထား ရှောင်ကွင်းခဲ့ရသည်။

တဲအတွင်းသို့ မရဲတရဲ ဝင်ကြည့်လိုက်ရာ ထွန်းမောင်ကိုတွေ့ပါပြီ။ ပါးချိုင့်နှင့် သွားတက်လေးများကို ပိုင်ဆိုင်ထားသောယခင်က လူချောထွန်းမောင်။ အခုပတ်ဝန်းကျင်နှင့် မိသားစုကို ဒုက္ခပေးသော ဆေးသမားထွန်းမောင်။ လက်တွင်ဆေးထိုးပိုက်တန်းလန်း။ ပါးစပ်တွင် အမြှုပ်များထွက်ကျလျက် ရေ့ခဲရကာ ကြမ်းပြင်တွင် အသက်မဲ့နေတော့သည်။

x x x x x x x x

အမှားက လူတိုင်းနှင့် မကင်းပေမယ့် မှန်အောင်ပြုပြင်နိုင်သူများကား ရှားပြန်သည်။ မှားမှန်း သိသိကြီးနဲ့ အမှားဝဲဂယက်မှာ ခိုမှီးနေသူများ ရှိသကဲ့သို့ မိမိမှားသည်ကို မှားမှန်းမသိသူများလည်း ဒုနဲ့ဒေးပင်။ အမှားလုပ်မှ အမှန်ကိုသိရမှာဟု ဆိုကြပေမယ့် ပြင်မရတော့သည့်အမှားမျိုး မဖြစ်စေရန် သတိပြုရမည်၊ အမှား၏ နောက်ကွယ်တွင်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို တစ်ဦးတစ်ယောက်တည်း ခံစားရသည်မဟုတ်။ ပတ်သက်ဆက်နွှယ် နေသူအကုန်ရင်နှင့် အမျှ ခံစားရပေမည်။

ထွန်းမောင်ကား သိ၍မှားသည်ဖြစ်စေ၊ မသိဘဲ မှားသည်ဖြစ်စေ ပြင်မရတော့သည့် အမှားဖြစ်ခဲ့ပါသည်။ ဒါကြောင့် လူငယ်လေးတွေအလဟဿ အရက်ထိုင်သောက်နေကြလျှင် ပျက်စီးသွားမှာ အလွန်စိုးမိပါသည်။

x x x x x x x x

"ချီးယာ့စ်..."

သူတို့၏ အရက်ဝိုင်းကား ဆူညံသည်ထက် ဆူညံလာသည်။ အေးအေးဆေးဆေးကြည်နူးချင်သည့် ကျွန်တော်တို့အတွက် အဆင်မပြေတော့။ ကျွန်တော်တို့ကလည်းတကယ်ဆို အေးဆေးစွာ ဒိတ်နိုင်သည့် ကော်ဖီရှော့တွေ၊ ပန်းခြံတွေမှာ တွေ့ဖို့ကောင်းသည်။ သို့ပေမယ့် ကော်ဖီသောက်ဖို့ရန် သူရော ကျွန်တော်ပါ အချိုမကြိုက်ကြ။ ထို့ကြောင့် ချိုချိုချဉ်ချဉ် အစုံရသည့် ယခုလို ကဖေးလေးတွေမှာသာ တွေ့ဖြစ်သည်ကများ၏။ သူလည်းရောက်လာပြီ ဖြစ်သဖြင့် နှစ်ယောက်သားတိုင်ပင်ကာ ဆိုင်မှထွက်ခဲ့ကြတော့သည်။ စိတ်အတွင်းမှာတော့....

"လူငယ်လေးတွေ ဆေးထိုးအပ်ကို မစွဲလန်းကြပါစေနဲ့... နောက်ထပ် ထွန်းမောင်တွေ ထပ်ပေါ်မလာပါစေနဲ့တော့.." ဟူ၍သာ......။ ။

# “စာပေနှင့် လူ့အဖွဲ့အစည်း”

■ ဇင်မင်းစိုး
(ဗိုလ်ကလေး)

“စာမတတ်လျှင် အကန်း” ဟူသော မြန်မာတို့၏ ဆိုရိုးစကားသည် “စာပေသည် လောကအလင်းရောင် ဖြစ်သည်” ဟူသော စကားကို မီးမောင်းထိုးပြလျက် ရှိပါသည်။ မြန်မာတို့သည် စာပေကို အလွန်မြတ်နိုး ကြကာ တန်ဖိုးထား လေးစားလျက်ရှိပါသည်။ “စာတစ်လုံး ဘုရားတစ်ဆူ” ဟူ၍ လည်းကောင်း၊ “နှုတ်တစ်ရာ စာတစ်လုံး” ဟူ၍လည်းကောင်း တင်စား ပြောဆိုကြပါသည်။

မြန်မာစာပေပေါ်ပေါက်စဖြစ်သော ပုဂံခေတ် ကပင် စာပေကို လူတိုင်းဖတ်ရှုနိုင်ရန် ကျောက်စာ၊ မင်စာ၊ ပေစာများဖြင့် မှတ်တမ်းတင်ခဲ့ပါသည်။ ပုဂံခေတ်ကျောက်စာ၊ မင်စာ၊ ပေစာများသည် မြန်မာတို့၏ ယဉ်ကျေးမှုမှတ်တမ်းများသာမက ပုဂံခေတ် လူ့အဖွဲ့အစည်း၏ စာတတ်မြောက်မှုကို အလေးအနက်ထားသော သရုပ်သကန်များဟု ဆိုနိုင်ပါသည်။

“စာပေ” ဟူသည် လူမျိုးတိုင်းက မိမိတို့ တစ်မျိုးသားလုံး သိအပ်၊ တတ်အပ်၊ နားလည်အပ်သော အသိပညာများကို ဖတ်ရှု၊ ရေးသား၊ လေ့လာ၊ ဆည်းပူးနိုင်ရန် တီထွင်ထားသော လူမျိုးတိုင်းအတွက် မရှိမဖြစ် အရေးကြီးလှသည့် ယဉ်ကျေးမှုဆိုင်ရာ ဂုဏ်ဒြပ်တစ်ခုပင် ဖြစ်ပါသည်။ ထို့ကြောင့် စာပေကို မဖြစ်မနေ တတ်မြောက်အောင် သင်ယူကြရမှာ ဖြစ်သလို စာဖတ်ကြရန်လည်း အရေးကြီးပါသည်။

စာပေသည် နားလည်တတ်မြောက်ခြင်း၏ သင်္ကေတ၊ ဖွံ့ဖြိုးတိုးတက်မှု၏ ရေသောက်မြစ်၊ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံ၏ နိမိတ်ပုံဟု ဆိုကြလျှင် စာမရှိခြင်း (သို့မဟုတ်) စာမတတ်ခြင်းသည် မသိနားမလည်ခြင်း၊ ဆင်းရဲနိမ့်ကျခြင်း၊ ကြမ်းတမ်းရိုင်းပျခြင်းတို့၏ သင်္ကေတ၊ ရေသောက်မြစ်၊ နိမိတ်ပုံများပင် ဖြစ်ပါသည်။

ရှေးအခါက မြန်မာလူမျိုးတို့သည် ခေတ်အဆက်ဆက်စာပေကို ကောင်းစွာတတ်မြောက်ကြပါသည်။ ရာနှုန်းပြည့်နီးပါး ယောကျ်ား၊ မိန်းမမကျန် စာကို ကောင်းမွန်စွာ တတ်မြောက်ကြောင်း အထောက်အထားများ ခိုင်မာစွာရှိပါသည်။

သူ့ကျွန်ဘဝကျရောက်သွားသောအခါ ပညာသင်စရိတ်ကြီးမြင့်ခြင်း၊ နယ်ချဲ့တို့၏ နှိမ့်ချခြင်းတို့ကြောင့် စာတတ်မြောက်မှု နည်းခဲ့ရသည်။ စစ်ဘေးစစ်ဒဏ်ကြောင့်လည်း စာတတ်မြောက်မှု နည်းပါးခဲ့ရလေသည်။ စာမတတ်ခြင်းကြောင့် သူတစ်ပါးကြိုးဆွဲသလို ကခဲ့ရလေသည်။ သူတစ်ပါး ဖိနှိပ်သမျှ ခံစားခဲ့ရသည်။ စာမတတ်မြောက်မှုဒဏ်ကို ကျေးလက်ဒေသက မြို့ပြဒေသများထက် ပို၍ခံစားကြရလေသည်။

လွတ်လပ်ရေးရလာပြီးနောက် တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးတွင် စာတတ်မြောက်ရေးသည် အခြေခံကျသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက စာတတ်မြောက်ရေး ကြိုးပမ်းခဲ့ကြပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီးကလည်း စာတတ်မြောက်ရေးအတွက် အရှိန်အဟုန်ကို တိုးမြှင့်ပေးခဲ့လေသည်။ မြန်မာနိုင်ငံတွင်လည်း လုပ်ငန်းခွင်မပျက် “အသုံးလုံး” သင်တန်းများပေးလျက် မြန်မာလူထုကို စာတတ်မြောက်စေခဲ့ပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီး၏ သုံးသပ်ချက်အရ စာမတတ်မြောက်မှုနှင့် ဆင်းရဲမှုသည် အတူယှဉ်တွဲနေသော ဆိုးကျိုးရလဒ်များဖြစ်သည်ဟု ထုတ်ပြန်ခဲ့လေသည်။ ထို့ကြောင့် စာမတတ်မှုသည် စာရေးစာဖတ်မတတ်ရုံဖြင့် မဟုတ်ဘဲ ခေတ်နောက်ကျကာ ဆင်းရဲတွင်းနက်အောင် ဆွဲချနေသော အရှိန်ပြင်းထန်သည့် စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ အားနည်းချက်ဖြစ်သည်ဟု ဆိုလေသည်။

ထို့ကြောင့် စာတတ်မြောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ပြီး စာတတ်မြောက်ရေးလုပ်ငန်း၏ ရည်မှန်းချက်သည် “အရေး၊ အဖတ်၊ အတွက်” ဟူသော အသုံးလုံးကျေရေးအဆင့်မှ အသိပညာနှင့် ကျွမ်းကျင်မှုများပါ တိုးမြှင့်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးတိုးတက်မှု အထောက်အကူဖြစ်ရေးများအထိ ဦးတည်လာခဲ့ပါသည်။

မြန်မာနိုင်ငံသည် “ဝ၊ ထ၊ က၊ လ၊ သ” ဟူသော အခြေခံဝေါဟာရများဖြင့် အသုံးလုံးသင်တန်းများကို ဖန်တီးသင်ကြားပေးခဲ့ရာ “ကမ္ဘာ့စာတတ်မြောက်မှု အမြင့်မားဆုံးဆု” ကို ကုလသမဂ္ဂမှ ရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ၉၅ ဒသမ ၈ ရာခိုင်နှုန်း စာတတ်မြောက်ဆုံးနိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် စာမတတ်မှု ပပျောက်သွားခြင်းနှင့် စာတတ်သူများ အရှိန်အဟုန်ဖြင့် ပေါ်ထွက်လာစေရန်၊ စာတတ်မြောက်ရေးအတွက် ကြိုးပမ်းအားထုတ်နေသော နိုင်ငံများ၏ လှုပ်ရှားမှုများကို အားပေးကူညီနိုင်ရန် ရည်ရွယ်ပြီး ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်တစ်ခုကို အောင်မြင်စွာ ကျင်းပပေးခဲ့ပါသည်။ ထိုတီဟီရန်ကွန်ဂရက်စတင်ကျင်းပသည့် စက်တင်ဘာလ ၈ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ စာတတ်မြောက်ရေးနေ့အဖြစ် ကုလသမဂ္ဂယူနက်စကိုအဖွဲ့ကြီးက သတ်မှတ်ပေးခဲ့ပြီး ၁၉၆၆ ခုနှစ်မှစ၍ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ လူတိုင်းစာတတ်မြောက်ရေးသည် အရေးကြီးလှပေသည်။ သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများ၊ နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို သိရှိနားလည်ထားမှသာ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံးကို ကောင်းမွန်စွာ အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ စာကောင်းစွာ တတ်မြောက်သော လူ့အဖွဲ့အစည်းနှင့် စာဖတ်သော လူ့အဖွဲ့အစည်းသည် တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်ပါသည်။ တိုးတက်ယဉ်ကျေးသော လူ့အဖွဲ့အစည်းဖြစ်စေရန်နှင့် စာမပြတ်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်ခြင်း၊ စာဖတ်ခန်းများ၊ စာကြည့်တိုက်များ ဖွင့်ပေးခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

“မြတ်ပညာ”
ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏” ဟူသော မဃဒေဝလင်္ကာလေး

အရ ပညာ၏တန်ဖိုး၊ စာပေ၏အကျိုးကျေးဇူးများသည် အဖိုးမဖြတ်နိုင်အောင် များပြားလှပါသည်။ စာပေသည် လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်သော အထောက်အကူပြု အရာဝတ္ထုတစ်ခု ဖြစ်ပါသည်။ စာပေအာဟာရ မှီဝဲမှသာ ကျွန်ုပ်တို့ နေ့စဉ်လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိပြီး အောင်မြင်တိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။

“စာပေဝတ္ထု၊ ရတုကဗျာ၊ ပျို့လင်္ကာနှင့်
သာသည့်သီချင်း၊ အဲစောင်းငြင်းနှင့်
မကင်းမပြတ်၊ ဖတ်ရွတ်လေ့ကျက်
တီးမှုတ်လျက်သာ နေကောင်းစွာ” ဟူသော

စာဆိုဝန်ကြီးပဒေသရာဇာ၏ လင်္ကာကဗျာလေးတွင် တေးသီချင်းသံစဉ်များနှင့် စာပေဝတ္ထုရတုကဗျာများ နေ့စဉ်ဖတ်မှတ်နေလျှင် လူတို့၏စိတ်သည် နူးညံ့သိမ်မွေ့ကာ ရွှင်လန်းအေးချမ်း၍ နေထိုင်ရသည်မှာ ပျော်မွေ့စရာကောင်းပုံ၊ ကျန်းမာရေးအတွက် အထောက်အကူပြုပုံတို့ကို မှတ်သားသိရှိရပါသည်။

“အလိမ္မာစာမှာရှိ” ဆိုသကဲ့သို့ ယဉ်ကျေးလိမ္မာသော လူ့အဖွဲ့အစည်းကြီးတစ်ခု ထူထောင်ရာတွင် စာပေသည် မရှိမဖြစ် အရေးပါလှလေသည်။ စာပေတန်ဖိုး၊ လူ့ကောင်းကျိုးဆိုသည့်ပမာ လူသားတို့အတွက် စာပေသည် ကောင်းကျိုးကိုသာ ပေးစွမ်းလေသည်။ စာပေဖတ်သော ပညာရှိကို ပေါင်းသင်းခြင်းသည် မိမိအတွက် ချမ်းသာသုခကို ရရှိနိုင်ပြီး အများအကျိုးကို ထမ်းဆောင်နိုင်လေသည်။ အမှားအမှန်လမ်းပြပေးသော စာပေသည် လူသားတို့အတွက် ‘ပညာအလင်းရောင် မီးရှူးတန်ဆောင်’ ဖြစ်လာခဲ့ပါသည်။

စာပေတစ်ရပ် ဖန်တီးသူများသည် ကမ္ဘာလောကထဲတွင် တစ်ဦးတစ်ယောက်တည်း နေထိုင်ကြသည် မဟုတ်ဘဲ လူ့အဖွဲ့အစည်းအတွင်း နေထိုင်နေကြသည့်အတွက် ၎င်းတို့၏စာပေများသည် လူသားတို့၏ လူမှုဘဝများစွာကို ထင်ဟပ်လျက် ရှိပါသည်။ ခွန်အားဖြည့်သော စာပေများ၊ ပျော်ရွှင်စေသော စာပေများ၊ ဆင်ခြင်သုံးသပ် သင်ခန်းစာ ယူသင့်သော စာပေများစွာ ရှိသည့်အနက် မိမိနှင့်သင့်လျော်သော စာပေများကို ဖတ်ရှုလိုက်နာကျင့်ကြံခြင်းဖြင့် မိမိဘဝကို တိုးတက်အောင် ဆောင်ရွက်နိုင်ပါသည်။

စာပေဖတ်ရှုခြင်းကြောင့် မိမိမသိတာ သိနိုင်သလို မိမိမကြားဖူးတာ ကြားသိနိုင်သည်ဟု စာရေးဆရာကြီး ဆရာအောင်သင်းက ဆိုမိန့်ဖူးလေသည်။ မျက်မှောက်ခေတ်တွင် ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာဖြစ်ပြီး စာပေဖတ်ရှုခြင်းဖြင့် ကမ္ဘာပတ်စရာမလိုပါဟု ဆိုလေသည်။ အမှန်ပင် ဖြစ်ပါသည်။ စာပေဖတ်ရှုခြင်းကြောင့် အသိဉာဏ်ပညာနှင့် ဗဟုသုတရသများ ရရှိပြီး ဆင်ခြင်တုံတရားနှင့် ကိုယ်ချင်းစာတရားများ ပွားများလာကာ လူ့အဖွဲ့အစည်း ရှင်သန်ကောင်းမွန်စေရေးတို့ကို များစွာအကျိုးပြုလေသည်။

လူသားတစ်ယောက်၏ ဘဝတစ်ခုလုံးကို ပြောင်းလဲစေရန်မှာ စာပေမှလွဲ၍ အခြားမရှိပါ။ စာပေဖတ်ရှုနေသူတစ်ဦးသည် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအများအပြားကို စာမဖတ်သူထက် ပို၍ သိနိုင်လေသည်။ စာပေသည် လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ပြုစုပျိုးထောင်ပေးနိုင်ကြောင်း၊ ပြောင်းလဲပစ်နိုင်ကြောင်း သမိုင်းမှတ်တမ်းများအရ သိမြင်နိုင်ပါသည်။

“တိုးတက်သောလူမျိုးတိုင်း စာဖတ်ကြသည်၊ စာဖတ်သောလူမျိုးတိုင်းသည် တိုးတက်ကြသည်” ဟု ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဆရာဦးသန့်က မိန့်ဆိုဖူးပါသည်။ နည်းပညာတွေမည်မျှတိုးတက်စေကာမူ ကမ္ဘာ့နိုင်ငံများရှိ ပြည်သူများသည် စာကြည့်တိုက်သို့ သွားရောက်၍ စာဖတ်လေ့ရှိကြပါသည်။ ကြီးမားကျယ်ပြန့်လှပသော စာကြည့်တိုက်ကြီးများကို တည်ဆောက်ထားကြလေသည်။ စာပေကို တန်ဖိုးထားသောကြောင့် “ရေမြင့်လျှင် ကြာတင့်သည်” ဆိုရိုးစကားပမာ နိုင်ငံသည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

စာပေဖတ်ရှုခြင်းကြောင့် အရာရာကို အကျိုးအကြောင်း၊ အဆိုးအကောင်း ဝေဖန်ပိုင်းခြားနိုင်လေသည်။ စာပေဖတ်ရှုခြင်းသည် မိမိဘဝတစ်ခုလုံးကို ရင့်ကျက်သန်မာလာစေပါသည်။ မိမိ၏ အနာဂတ်အတွက်ခိုင်မာသော ဆုံးဖြတ်ချက်များသည် ချမှတ်နိုင်လေသည်။ လူကောင်းတစ်ယောက်မှသည် လူတော်တစ်ယောက်ဆီသို့ ပြောင်းလဲနိုင်လေသည်။ စာပေဖတ်ရှုခြင်းဖြင့် ဘဝခရီးလမ်းတွင် ကြုံတွေ့ရသော လောကဓံတရားကို ရင်ဆိုင်ဖြေရှင်းနိုင်သော သတ္တိတို့ ရရှိလာလေသည်။ အတွေ့အကြုံနှင့် အတွေးအကြံတို့ကို မြင့်မားစေပြီး အဆင်းရောအချင်းရော ပြည့်ဝလာစေလေသည်။ ထို့ကြောင့် စာပေဖတ်ရှုခြင်းကို နိုင်ငံအားလုံးက အထူးအားပေးတိုက်တွန်းလျက် ရှိခြင်း ဖြစ်ပါသည်။

“အင်္ဂလန်နိုင်ငံတွင် ရပ်ကွက်တစ်ခုဖော်တိုင်း မဖြစ်မနေပါရသောအရာမှာ စာကြည့်တိုက်ဖြစ်သည်” ဟု ဖတ်ရှုမှတ်သားရပါသည်။ လေးစားအတုယူဖွယ် ကောင်းလှပါသည်။ စာပေကို တန်ဖိုးထားသူတိုင်း စာပေ၏ အကျိုးကျေးဇူးကို ခံစားကြရလေသည်။ သားစဉ်မြေးဆက်သို့လည်း လက်ဆင့်ကမ်း မျှဝေနိုင်လေသည်။

ယနေ့အချိန်အခါသည် ပညာခေတ်ဖြစ်ပြီး လေ့လာသင်ယူရန် ပညာရပ်များသည် အမျိုးမျိုးပေါ်ထွန်းနေသကဲ့သို့ လေ့လာသင်ယူရန် အခွင့်အလမ်းများနှင့် နည်းစနစ်များသည်လည်း များပြားလှပါသည်။ ထိုသို့သော ပညာရပ်များကို အစဉ်သင်ယူနေကြမည့် လူ့အဖွဲ့အစည်းကြီးသည် စာပေကို အမြဲမပြတ် လေ့လာမှသာ တိုးတက်အောင်မြင်နိုင်ပြီး အခက်အခဲများကို ကျော်လွှားဖြတ်သန်းနိုင်မည် ဖြစ်ပါသည်။

“အမှားအမှန်၊ ဝေဖန်ပိုင်းခြား
သုတပွားကာ၊ သစ္စာအမြင်
ကြည်လင်စေရန်၊ စာပေအမြိုက်
ပညာသိုက်သို့၊ ညွှန်ပြဆိုက်ဆိုက်
စာကြည့်တိုက်” ဟူသည့်အတိုင်း လူငယ်လူရွယ်များအနေဖြင့် အားလပ်သောအချိန်များတွင် စာကြည့်တိုက်သို့ သွားရောက်၍ စာပေဖတ်ရှုကြရန် တိုက်တွန်းနှိုးဆော်ရမည် ဖြစ်ပါသည်။ မြန်မာတို့၏ စာပေမြတ်နိုးတန်ဖိုးထားမှုကို စာရေးဆရာကြီး မြသန်းတင့်က “စာဖတ်ခြင်းနှင့် ကြီးမြတ်သောလူမျိုး” ဟု အမွှမ်းတင်တင်စားခေါ်ဝေါ်ခဲ့ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ချီတက်ရာတွင် စာပေတတ်မြောက်မှုနှင့် စာပေဖတ်ရှုခြင်းသည် အခရာကျလှသည်ဖြစ်ရာ လူတိုင်းစာဖတ်ကြရန် အလွန်အရေးကြီးလှပါသည်။ စာပေဖြင့် လူမျိုးဂုဏ်ကို မြှင့်တင်ကြရမည် ဖြစ်ပါသည်။ စာပေဖြင့် လူ့အဖွဲ့အစည်းကြီးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက် ကြရမည်ဖြစ်ပါသည်။ စာပေသည်သာ လူ့အဖွဲ့အစည်းကြီး၏ အနာဂတ်အလင်းရောင် မီးရှူးတန်ဆောင်ဖြစ်ပါသည်။ ထို့ကြောင့် တစ်မျိုးသားလုံးဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူတိုင်းစာတတ်မြောက်ရေးအတွက် နိုင်ငံသူနိုင်ငံသားအားလုံးက အတူတကွ ဝိုင်းဝန်းကြိုးစားအားထုတ်ကြရန် တိုက်တွန်းရေးသား တင်ပြလိုက်ရပါတော့သည်။ ။

## အာဇာနည်နေ့

☆ နှစ်တာရှည် ချိန်ကြာညောင်း
အတိတ်ဟောင်း ပုံရိပ်တွေ
မမေ့နိုင်ပေ။
☆ တစ်ဆယ့်ကိုး ဇူလိုင်လေ
စွေမျက်ရည် ရွာသွန်းဖြိုး။
☆ ခေါင်းဆောင်တွေ မရှုမလှနှင့်
ကြုံရအဖြစ်ဆိုး။
☆ မသမာသူ လူတစ်စု
ရန်ပြုသည့် သေနတ်ဒဏ်
ရှောင်မရပြန်။
☆ ဗိုလ်ချုပ်နှင့် ခေါင်းဆောင်တွေထံ
ကျည်မှန်ကာ ကျရှုံး။
☆ ဝမ်းနည်းဖွယ် ထိုထိုနေ့အား
မမေ့သက်ဆုံး။
☆ ပြည်သူတွေ ယူကျုံးမရ
အပူလုံးကြွလို့ မျက်ရည်ဖြာ
ထိုနေ့ရက်မှာ။
☆ ဥသြဆွဲ အလေးပြုကာ
ဦးခိုက်ရှာ မပျက်ယွင်း။
☆ ကျေးဇူးရှင် ပမာထားလို့
ချစ်အားပိုရင်း။
☆ ကောင်းမွန်ရာ သုဂတိလမ်းသို့
မြန်းကြွလို့ သာဝေစည်
ကိုးဦးဇာနည်။
☆ အစဉ်မြဲ စိတ်မှာရည်
ဦးထိပ်တည် မေတ္တာပွား။
☆ အာဇာနည် နေ့မြတ်ရယ်လို့
သတ်မှတ်လို့ထား။

ခင်မောင်မြင့်

# မိုင်းယောင်းမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မိုင်းယောင်း ဇူလိုင် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့၌ ခရိုင်နှင့်မြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကို ဇူလိုင် ၁၂ ရက်က အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သောမတ်(ခ)လော်ခယ်၊ ခရိုင်ပညာရေးမှူး ဦးတင့်ဆွေ၊ မြို့မိမြို့ဖ ဦးဝင်းတင့်နှင့် ဦးစိုးဝင်းတို့က စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်တာဝန်ခံ ဒေါ်နန်းပန်က ပွဲတော်ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့မိမြို့ဖ ဦးဝင်းတင့်နှင့် ဦးစိုးဝင်းတို့က ပွဲတော်အတွက် ထောက်ပံ့ငွေကျပ်ငါးသိန်းကို ပေးအပ်လှူဒါန်းရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး မိုင်းယောင်းမြို့နယ်နှင့် မိုင်းယုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် အခမ်းအနား တက်ရောက်လာသူများက စာစီစာကုံး၊ ကျပန်းစကားပြော၊ ပုံပြင်ပြော၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်၊ ပူဖောင်းဖောက်၊ ဆန်ကောရွက်၊ အာလူးကောက်ပြိုင်ပွဲနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များ၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး နံရံကပ်စာစောင်များနှင့် ဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

# ကြံခင်းမြို့၌ သဘာဝဘေးအန္တရာယ် ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



ကြံခင်း ဇူလိုင် ၁၃

ဧရာဝတီ တိုင်းဒေသကြီး ကြံခင်းမြို့၌ သဘာဝဘေး အန္တရာယ်များ ဖြစ်ပွားလာပါက ကယ်ဆယ်ရေး လုပ်ငန်းများ ထိရောက်မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့နှင့် လူမှုအသင်းအဖွဲ့များ ပူးပေါင်း၍ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက မြို့မရပ်ကွက်ရှိ နန်းဦးဆိပ်ကမ်းတွင် သဘာဝဘေး အန္တရာယ်ရေပြင်ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ကြသည်။

ဦးစွာ ကြံခင်းမြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်စခန်းတွင် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ အသင့်တုံ့ပြန်ဆောင်ရွက်နိုင်ရေး စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများ ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့ကို သဘာဝဘေးတုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က ပြင်ဆင်ဆောင်ရွက်ထားရှိမှုတို့အား ရှင်းလင်းတင်ပြမှုအပေါ် သဘာဝဘေးတုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းတန်နှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များက ရေပြင်ရှာဖွေကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်မှုကို နန်းဦးဆိပ်ကမ်းရှိ ချောင်းအတွင်း ပြုလုပ်ခဲ့ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြပြီး ကြံခင်းမြို့ပေါ်ရပ်ကွက် မြေနိမ့်ပိုင်းများတွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ဧရာဝတီမြစ်ကမ်းတစ်လျှောက် လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်နှင့် ဒုဋ္ဌဝတီမြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် ဇူလိုင် ၁၃

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် (သုံးစင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် (၁၅၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့ နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် (၁၅၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခန့် (၂၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့် (၂၅၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၁၉၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကိုစာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဗုဒ္ဓစီမံခန့်ခွဲမှုပညာရပ်




ပါမောက္ခ ဒေါက်တာ အာကာမိုးသူ စီစဉ်ပြုစုသည့် B.A.(Buddhist Missionary) တန်းအတွက် အထောက်အကူပြုပြဋ္ဌာန်းကျမ်းစာ ဗုဒ္ဓစီမံခန့်ခွဲမှုပညာရပ်စာအုပ် ထွက်ရှိလာသည်။

စီမံခန့်ခွဲမှု(Management) ကို ပါဠိဘာသာမှလာသော ဝေါဟာရဖြင့် ပရိပလန(Paripalana) ဟုခေါ်သကဲ့သို့ သံဝိခါန (Samvikhana) ဟုခေါ်သည်။ သက္ကတဘာသာစကားတွင် စီမံခန့်ခွဲမှုကို အဓိကာရဟုခေါ်လေသည်။


ထို့အပြင် စာရဏနှင့် နီတိတို့၏အဓိပ္ပာယ်မှာလည်း ကျင့်ဆောင်ခြင်း၊ ဦးဆောင်ခြင်းဆိုသည့် အနှစ်သာရများပါသည့် စီမံခန့်ခွဲမှုပင်ဖြစ်သည်။

ထို့ကြောင့် ပြုမူဆောင်ရွက်ခြင်းနှင့်ဆိုင်သော စီမံခန့်ခွဲခြင်း (Management) ကို စာရဏဟုခေါ်သည်။ ဦးဆောင်ခြင်း၊ ကျင့်ကြံခြင်း၊ ပိုင်ဆိုင်ခြင်း ကောင်းမွန်စွာကျင့်ကြံခြင်းရှိသည့် စီမံခန့်ခွဲမှု (Management) ကိုမူ နီတိဟု ခေါ်ခြင်းဖြစ်သည်။

စုံစမ်းခြင်း၊ စီစဉ်ခြင်းနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှု (Management) ကိုမူ ဝိစာရ (Vicara) သို့မဟုတ် ဝိစာရဏ (Vicarana) ဟုခေါ်သည်။

စာအုပ်ကို သီရိရတနာ ပိဋကတ်စာပေ၊ အမှတ်(၁၊ ၂၊ ၃)၊ (၅၂၊ ၅၄၊ ၅၆) ရွှေတိဂုံဘုရားတောင်ဘက်ဈေးတော်ရုံ၊ အမှတ် (၂၃)၊ ဗဟန်း (၂) လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၂၅၂၈၅၊ ၀၉ ၇၇၇၉၃၈၈၀၈နှင့် ၀၉ ၂၅၀၂၅၉၃၇၉တို့မှ တန်ဖိုးငွေကျပ် ၁၀၀၀၀ဖြင့် ဖြန့်ချိသည်။

## သက်တော်ရှည် ဆရာတော်ကြီးများ၏ ကျန်းမာသက်ရှည်ရေး နည်းလမ်းများ




စေတနာလှိုင်(ရေစကြို) စီစဉ်ရေးသားသည့် သက်တော်ရှည်ဆရာတော်ကြီးများ၏ ကျန်းမာသက်ရှည်ရေးနည်းလမ်းများစာအုပ် ထွက်ရှိလာသည်။

ဆရာတော်ကြီးများ အသက်ရှည်ခြင်းနှင့်ပတ်သက်၍ မင်းတုန်းမင်းတရားကြီးလက်ထက်၌ စကုဆရာတော်၊ မင်းကြီးတိုက်ဆရာတော်၊ မဲထီးတိုက်ဆရာတော်၊ သာဖန်းဆရာတော်၊ သာစည်ဆရာတော်၊ ရွှေပြည်ဆရာတော်၊ တုတ်လှမ်းဆရာတော်၊ ယပ်တန်းဆရာတော်၊ ဘုံကျော်ဆရာတော်ဟူ၍ သက်တော် ၉၀ ကျော် ဆရာတော်ကြီးကိုးပါးရှိခဲ့သည်။ ယင်းတို့တွင် စကုဆရာတော်သည် ကျောက်ဖရုံသီးဟင်း၊ ၎င်းဆေးကို အမြဲဘုဉ်းပေးသည်။ မင်းကြီးတိုက်ဆရာတော်သည် ယာဂု အမြဲဘုဉ်းပေးသည်။ မဲထီးဆရာတော်သည် သရဏဂုံပုတီး အမြဲစိပ်သည်။ သာဖန်း(သဖန်း) ဆရာတော်သည် ကြစုဆေးကို အမြဲဘုဉ်းပေးသည်။ သာစည်ဆရာတော်သည် ပျားရည် အမြဲဘုဉ်းပေးသည်။ ရွှေပြည်ဆရာတော်သည် ဗောဇ္ဈင်သုတ်ကို အမြဲရွတ်သည်။ တုတ်လှမ်းဆရာတော်သည် လမ်းတံတားဟောင်းများကို အမြဲပြုပြင်သည်။ ယပ်တန်းဆရာတော်သည် ရသမျှဝတ္ထုများကို အမြဲလှူဒါန်းသည်။ ဘုံကျော်ဆရာတော်သည် မေတ္တာအမြဲပွားသည်။ ယင်းဆရာတော်ကြီးများ အသက်ရှည်ရခြင်းမှာ မိမိဆေးဝါး၊ မိမိအာဟာရ၊ မိမိအကျင့်စရဏတို့ဖြင့် အသက်ရှည်ခဲ့ကြခြင်းပင်ဖြစ်သည်။

စာအုပ်ကို ရတနာရွှေပြည်စာပေ၊ ဖုန်း-၀၉ ၄၂၂၄၈၈၆၂၉နှင့် ၀၉ ၇၈၈၈၄၇၆၉၉တို့မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

## ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(TICA)မှ နေပြည်တော်အတွင်းရှိ MSME လုပ်ငန်းများ လေ့လာ

**နေပြည်တော် ဇူလိုင် ၁၃**

ထိုင်း အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (TICA) မှ တာဝန်ရှိသူများသည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အဆိုပြုတင်ပြထားသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဇူလိုင် ၁၀ ရက်က ကြည့်ရှုစစ်ဆေးကြသည်။



ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ထိုင်းအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA) မှ တာဝန်ရှိသူများသည်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ "စောနေလ" စားသောက်ကုန်လုပ်ငန်း "Green Gold" အထွေထွေစက်မှုလက်မှုလုပ်ငန်း "နေပြည်တော်ပုံရိပ် သစ်" အထွေထွေလုပ်ငန်း၊ "ချမ်းမြေ့မေတ္တာ" ကျောက်စိမ်းနှင့် ကျောက်ပန်းချီလုပ်ငန်း၊ "အလင်္ကာ" အထွေထွေလက်မှုလုပ်ငန်း၊ "K-Farm (ကင်ချီ)" စားသောက်ကုန်လုပ်ငန်း၊ "မင်းမဟာ" ကုံကုမံသက်စောင့် အားဖြည့်ယိုလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုခဲ့ရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းခဲ့ကြပြီး TICA မှ တာဝန်ရှိသူများက လိုအပ်သည်များနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေများအား ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ယခုအခါတွင် TICA မှ အသေးစားနှင့် အလတ်စားစီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအဖွဲ့နှင့် အမျိုးသား စားနပ်ရိက္ခာအဖွဲ့တို့မှ ကျွမ်းကျင်သူများသည် MSME လုပ်ငန်းရှင် ခုနစ်ဦး၏ လုပ်ငန်းများ ဆောင်ရွက်နေမှုကို မြေပြင်ကွင်းဆင်း၍ အချက်အလက်များ ကောက်ယူခြင်းကို ဇူလိုင် ၉ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ပြီး သင့်လျော်သည့် လုပ်ငန်းရှင်များကို ရွေးချယ်၍ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းလုပ်ငန်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းရှင်များက လိုအပ်သည့် အဆင့်မြင့်နည်းပညာများ သင်ကြားနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ ထုပ်ပိုးမှုဆိုင်ရာ စက်ပစ္စည်းလိုအပ်ချက်များအတွက် ဆောင်ရွက်ပေးခြင်း စသည်တို့ကို ကဏ္ဍအလိုက် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သိရသည်။

**မျိုးသီဟ(ပျဉ်းမနား)**



## ရွှေကမာသမဝါယမအသင်း အစည်းအဝေးကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ကမာရွတ်မြို့နယ် အမှတ် (၂) ရပ်ကွက် ရွှေကမာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၂ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ပြုလုပ်ရာ အခမ်းအနားမှူးအဖြစ် အသင်းအတွင်းရေးမှူးဦးအောင်သန်းက ဆောင်ရွက်ခဲ့သည်။

အစီအစဉ်အရအသင်းဥက္ကဋ္ဌ ဦးကြည်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ ဧည့်သည်တော်အဖြစ် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ အသင်းအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် အသင်းစာရင်းစစ်အစီရင်ခံစာကို အမှုဆောင်ဦးကျော်သောင်းက ဖတ်ကြားပြီး အသင်းသားများ၏ အတည်ပြုချက်ကိုရယူခဲ့သည်။ **ဘော်ဂါသွေး**





ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှု ဖြစ်ပွားခြင်းအခြေအနေ။



ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုအား ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေ။

■ ကျောဖုံးမှ

ရထားလမ်းထူးပေါက်ရေကျော်မှုဖြစ်ပွားရာနေရာသို့ လမ်းပိုင်းအချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိဝန်ထမ်းများနှင့် လုပ်သား ၄၀ တို့သည် အချိန်နှင့်တစ်ပြေးညီရောက်ရှိခဲ့ပြီး ကျောက်ရထားနှင့် သံလမ်းပြေး RCG ယာဉ်များ အသုံးပြု၍ ကျောက်ကြီး ၃၅ ကျင်း၊ ကျောက်မှုန့်အိတ် ၃၀၀ နှင့် သဲအိတ် ၁၀၀ တို့အား ဖြစ်ပွားရာနေရာသို့ ပို့ဆောင်ပေးခြင်း၊ အဆိုပါကျောက်ကြီးများ၊ ကျောက်မှုန့်နှင့် သဲအိတ်များ အသုံးပြု၍ ထူးပေါက်များဖာခြင်း၊ သစ်သားဇလီဖားတုံးနှင့် ကွန်ကရစ်ဇလီဖားတုံးများအသုံးပြု၍ ထူးပေါက်နေရာ၌ ဖားထပ်ခွေခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ အဆန်လမ်းအားယင်းနေ့ ည ၁၀ နာရီ ၂ မိနစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ရန်ကုန်-မန္တလေး ပို့ဆောင်ပြေးဆွဲပေးလျက်ရှိသော လူစီးရထားများ ကြန့်ကြာမှုမရှိခဲ့ကြောင်း သိရသည်။

ဆက်လက်၍ အစုန်လမ်းကိုလည်း ထပ်မံပြုပြင်ခဲ့ရာ ယနေ့ညနေ ၄ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ရထားများ ပုံမှန်အတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကလောမြို့အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကလော ဇူလိုင် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ်(၁၀) ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း၌ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး၊ ခြင်အန္တရာယ်နှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ကလောတပ်နယ်စစ်ဦးစီး တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်၊ ကလောခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း တို့က ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကလောမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ချုံ၊ နွယ်၊ သစ်ပင်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



❖ MNL မှ

ရန်ကုန်ယူနိုက်တက်အသင်းသည် တစ်ကျော့ပြန် နည်းပြချုပ် ဦးကျော်ဒွန်းလက်ထက်တွင် ပုံစံကောင်းရနေပြီး နှစ်ပွဲဆက် အနိုင်ရခဲ့သည်။ မြဝတီအသင်းမှာမူ နှစ်ပွဲဆက် အသင်းကြီးများနှင့် တွေ့ဆုံပြီး ရှုံးပွဲကြုံတွေ့ထားသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက်အသင်းမှ ဥက္ကာနိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ မြဝတီအသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

သုဝဏ္ဏကွင်း၌ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ဟက်ထရစ်သွင်းယူခဲ့သည့် အား/ကာသိပ္ပံအသင်းမှ သိန်းဇော်သီဟက ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက နှစ်ပွဲကစား သုံးမှတ်၊ ရခိုင်ယူနိုက်တက်အသင်းက နှစ်ပွဲကစား အမှတ်မရသေးပေ။

## ယှဉ်ပြိုင်ကစားမည်

ပွဲစဉ် (၂) နောက်ဆုံးနေ့အဖြစ် ဇူလိုင် ၁၄ ရက် (ယနေ့) တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီအသင်းနှင့် သစ္စာအားမာန်အသင်း၊ ပုသိမ်ကွင်း၌ ရှောဝတီအသင်းနှင့် Dagon Port အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**




ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား အသက် ၂၀ နှစ်အောက်(အမျိုးသမီး)ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ဇူလိုင် ၁၀ ရက်က ဒိုက်ဦးမြို့နယ် ပြည်သူ့အားကစားကွင်း၌ပြုလုပ်ရာ ပထမဆုရရှိသော ဒိုက်ဦးမြို့နယ်အသင်းအား ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက တစ်ဦးချင်းဆု၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ ကျော်ကျော်(ပြန်/ဆက်)

✪ မြန်မာကြက်တောင်မှ

ပါရီအိုလံပစ်ကြက်တောင်ပြိုင်ပွဲတွင် တစ်ဦးချင်း အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး သက်ထားသူဇာအနေဖြင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခွင့်ရထားခြင်းဖြစ်သည်။

အုပ်စုမဲခွဲမှုအရ သက်ထားသူဇာသည် အုပ်စု (C) တွင် ကမ္ဘာ့အဆင့် ၅ ဂျပန်နိုင်ငံသူ ယာမာဂူချိ၊ ကမ္ဘာ့အဆင့် ၃၂ ကနေဒါနိုင်ငံသူ မီချယ်လီတို့နှင့် ကျရောက်နေသည်။ အုပ်စုပွဲများကို ဇူလိုင် ၂၇ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၃ ခုမှ ထိပ်ဆုံးရပ်တည်မှုအရ တစ်ဦးစီသာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ သက်ထားသူဇာသည် ပါရီအိုလံပစ်ဝင်ခွင့် လက်ရည်စစ်ပွဲကာလဖြစ်သည့် ၂၀၂၃ ခုနှစ် မေ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဧပြီ ၂၈ ရက်အတွင်းကျင်းပသည့် BWF ပြိုင်ပွဲများအနက် ပြိုင်ပွဲ ၂၃ ခုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး လက်ရည်စစ်ပွဲအောင်မြင်သဖြင့် ပါရီအိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

သက်ထားသူဇာသည် ၂၀၂၀ တိုကျိုအိုလံပစ်ပြိုင်ပွဲတွင်လည်း လက်ရည်စစ်ပွဲအောင်မြင်ကာ ယှဉ်ပြိုင်ဖူးပြီး နှစ်ကြိမ်ဆက်တိုက် အိုလံပစ်ပြိုင်ပွဲ ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-BWF**


## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ စိုက်ပျိုးရေး(၄) လမ်း၊ အမှတ်(၁၇/၄၉)နေ ဒေါ်မော်မော်မြင့်[၁၂/အစန(နိုင်)၁၈၆၀၄၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီး၊ အမှတ် (၆၉၆)ဟုခေါ်တွင်သော အလျား(၉၀)ပေxအနံ(၁၅)ပေရှိ အိမ်ခြံမြေအား တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်ကြသော ဦးညဏ်စိုးလွင် [၈/မလန(နိုင်)၀၀၀၀၀၇]နှင့် ဒေါ်လှလှမြင့် [၁၂/ဥကမ(နိုင်)၀၁၂၁၇၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်မြင့်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ဇော်မိုး (LL.B)** **ဒေါ်ခင်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၆၃၅၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၃)**
**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၄၂၀၀၃၆၁၂၂၊ ၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်- အ-၈၊ ဦးပိုင်အမှတ် (၁၂၇)၊ ၆၄x၆၅ လမ်းကြား၊ ၁၁၈x ၁၁၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းမောင်၏ (GP ရရှိသူ ဦးချိန်စိန်) ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၁၁၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှဲ့လှဲ့တိုး [၁၃/မဆတ(နိုင်)၀၆၆၈၁၂]က အမှုတွဲအမှတ် (၂၀၁၉/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်- ၄၁၅-S၊ ဦးပိုင်အမှတ်-(၁၇-၅)/၁၂x၁၄ကြား၊ ၈၇x၈၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးထွန်းအောင်[၁၂/သဃက(နိုင်)၀၃၉၆၄၀]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၈၄/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမိကာလားလ် [၁၃/နစန(နိုင်)၀၇၀၄၂၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်- ၁၁၃၊ ဦးပိုင်အမှတ်-(၃-က)၊ ၈၉x၉၀ကြား၊ ၂၁x၂၂ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးဇော်မင်းသန်း[၁၂/ဗဟန(နိုင်)၀၀၃၈၉၂]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် ပြင်ဦးလွင်မြို့၊ ခုတင် (၃၀၀)ဆံ့ ဆေးရုံကြီး၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော အောက်ဖော်ပြပါ ဆေးနှင့် ဆေးပစ္စည်းများအား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဆေးဝါးများ (FDA အသိအမှတ်ပြု)
( ခ ) ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများ
( ဂ ) ဓာတ်မှန်ဌာနသုံးဆေးပစ္စည်းများ
(ဃ) ဆေးရုံသုံးပစ္စည်းများ (Comsumables)

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**

| | |
|---|---|
| စတင်ရောင်းချမည့်ရက် | - ၁၀ - ၇ -၂၀၂၄ (ဗုဒ္ဓဟူးနေ့) |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - ၂၅ - ၇ -၂၀၂၄ (ကြာသပတေးနေ့) |

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆေးရုံကြီး၊ ပြင်ဦးလွင်မြို့**
**ဆက်သွယ်ရန်ဖုန်း - ၀၉-၄၂၀၇၀၅၂၅၆**
**၀၉-၄၀၀၄၃၆၈၈၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် (၅၈၅)၊ ဦးပိုင်အမှတ်-၁၄၂/၁+၁၄၃၊ ၆၇လမ်းအရှေ့ဘက်၊ စာတိုး-ကင်းဘက်ခရိုင်ချင်းဆက်လမ်းမြောက်ဘက်၊ ညောင်ပင်စောက်ကျေးရွာအနီးရှိ မြေကွက်အား၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့လယ်မြေမှတစ်ပါးလယ်ယာမြေအား အခြားနည်းအသုံးပြုရန်ခွင့်ပြုမိန့်တင်ပြ၍ ဒေါ်သောင်း[၉/အမရ(နိုင်)၀၂၈၆၂၃]၏ [SP ရရှိသူ ဒေါ်ဖန်ကွေစီး(ခ)မြင့်မြင့်]က အမှုတွဲအမှတ်-၂၀၂၃/၂၀၂၄-၂၀၂၅ဖြင့် ဂရန်သစ် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ်- ၅၉၉၊ ဦးပိုင်အမှတ် (၁၁၃-က)၊ ဘူတာလမ်း၊ ကွမ်းသီးတန်းလမ်းနှင့် မောင်းတန်းလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဇင်မာခိုင် ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ် (၂၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သင်းသင်းနွဲ့(ခ)ဒေါ်သင်းသင်းနွယ် [၉/မရတ(နိုင်)၀၁၇၂၀၈]က အမှုတွဲအမှတ် (၂၀၂၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ်-၁၃၂၊ ဦးပိုင်အမှတ်-၁ဆ+၂၈/၁၇x၁၉ကြား၊ ၈၈x၈၉ ကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဒေါ်မြကျင် ထံမှ အရောင်းအဝယ်စာချုပ်အမှတ် (၈၄၅/၂၀၁၃)ဖြင့် ဒေါ်မြင့်မြင့်သန်း၊ ဦးစိုးလွင်၊ ဒေါ်လှလှမြင့် တို့က ဝယ်ယူခဲ့ပြီး၊ ဦးစိုးလွင်(လူပျိုဘဝ)ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၄၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်မြင့်မြင့်သန်း [၉/မနမ(နိုင်)၀၃၇၄၄၁]၊ ဒေါ်လှလှမြင့် [၉/မနမ(နိုင်)၀၃၃၇၆၈]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၇၇/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဌေးဌေးမြင့် [၉/မနမ(နိုင်)၀၀၀၄၄၇]က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အကွက်အမှတ်- ၁၁၊ ဦးပိုင်အမှတ်-(၃-က)/တာရိုးဟောင်းလမ်းနှင့် ၈၈ လမ်းကြား၊ ၁၁လမ်းxသန္တာရုံလမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစိုးဟန်[၉/မနမ(နိုင်)၀၂၂၈၅၀]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မြစ်လောင်းရပ်ကွက်၊ အကွက်အမှတ် B-5၊ ဦးပိုင်အမှတ်(၁၅၉-က)၊ ရန်ကုန်-မန္တလေးလမ်းဟောင်းအရှေ့ဘက်၊ တမုတ်ဆိုးမြောင်းတောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကေခိုင်ထွန်း [၁၄/ဘကလ(နိုင်)၁၄၀၂၉၅]က အမှုတွဲအမှတ်(၂၀၂၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃဂီရိရပ်ကွက်၊ အကွက်အမှတ်-၁၄၆၊ ဦးပိုင်အမှတ်-၁၆-ဃ/၁၉လမ်း၊ ၈၀x၈၁လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးအောင်မြင့်ဇနီး ဒေါ်ညွှန့်ညွှန့်ရီတို့အနက် ဇနီး ဒေါ်ညွှန့်ညွှန့်ရီ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၁၆၅/၂၀၁၁)ဖြင့် အမွေဆက်ခံခဲ့သည့် ခင်ပွန်းဦးအောင်မြင့်[၉/မနမ(နိုင်)၀၄၆၁၉၅]ထံမှ အပေးစာချုပ်အမှတ် (၁၃၉၆/၂၀၁၂)ဖြင့် ပိုင်ဆိုင်သူများဖြစ်သော သားဦးအောင်ကျော်ဦး[၉/မနမ(နိုင်)၀၄၆၀၄၂]၊ သမီးဒေါ်ကေသီဦး[၉/မနမ(နိုင်)၀၄၆၁၉၄]တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ်-၂၀၉၊ ဦးပိုင်အမှတ်-၅၆/၂၄x၂၅ကြား၊ ၈၁လမ်းxသင်္ဂဇာချောင်းပတ်လမ်းကြားရှိ ဦးဟံသိန်း၊ မလုကြီ အမည်ပေါက် ဘိုးဘမြေကွက်အား၊ အမွေဆက်ခံစာချုပ်အမှတ်(၁၅၆၆/၂၀၂၄)ဖြင့် ဒေါ်ခင်မြဝင်း၊ ဒေါ်နီနီထွန်း၊ ဒေါ်စန်းစန်းယု၊ ဦးမြင့်ဦး၊ ဒေါ်တင်တင်နွဲ့တို့ ၅ ဦးမှ အမွေဆက်ခံခဲ့ပြီး၊ ဒေါ်ခင်မြဝင်း[၉/မရတ(နိုင်)၀၅၆၃၁၂]၊ ဒေါ်နီနီထွန်း[၉/မနတ(နိုင်)၀၈၀၁၁၄]၊ ဦးမြင့်ဦး[၉/မနတ(နိုင်)၀၇၉၈၁၈]တို့ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၂၃၈၇/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းခံရသူ ဒေါ်စန်းစန်းယု[၉/မနတ(နိုင်)၀၈၀၁၁၆]၊ ဒေါ်တင်တင်နွဲ့[၉/မနတ(နိုင်)၀၁၈၉၃၉]တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပွဲ



## ကုသိုလ်ပြုနိုင်ရေး နှိုးဆော်လွှာ

ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ် စက်တင်ဘာလမှစ၍ လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ သဒ္ဓါကြည်လင် ပါရမီရှင်များမှ ကုသိုလ်ယူပါဝင် လှူဒါန်းနိုင်ပါရန်နှင့် ရွှေစင်ရွှေပြား(၁၀)လက်မပတ်လည် ရွှေ(၁)ကျပ်သား တစ်ချပ်လျှင် ကျပ်(၂၅)သိန်းဖြင့်လည်းကောင်း၊ ရွှေစင်ရွှေပြား(၁)ပေပတ်လည် ရွှေ(၆)ကျပ်သား တစ်ချပ်လျှင် ကျပ်(၁၅၀)သိန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ကြပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဖုန်း - ၀၁၈-၃၇၅၇၆၇ ၊ ၀၁၈-၃၈၃၅၁၂၊ ၀၁၈-၃၈၃၅၀၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း(Star City) အတွင်းရှိ Galaxy Tower T-2၊ တိုက်အမှတ် (C-2)၊ အခန်းအမှတ် (907-A)၊ Type(X)၊ Area (၄၁၂) Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ငြိမ်းအေးစုမွန် [၁၂/မဂဒ(နိုင်)၁၂၇၉၂၉]ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင် [၁၂/ပဘတ(နိုင်)၀၃၂၂၅၉]**

**အမှတ်(42-D)၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း-၀၉-၅၁၃၄၃၈၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ်- ၆၆(ခ)နေ ဦးမိုးဇော်ခိုင် [၁၂/ဥကမ(နိုင်)၂၅၂၂၀၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

မြောက်ဥက္ကလာပမြို့နယ်ရှိ နှစ်(၆၀)ဂရန်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေစီမံခန့်ခွဲမှုဌာန၊ မြောက်ဥက္ကလာပ မြေစာရင်းတွင် ဦးဌေးဝင်း အမည်ပေါက်ဖြင့်မှတ်သားတည်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၄)လမ်းနှင့် ဝေပုလ္လလမ်းထောင့်၊ အမှတ်- ၁၆၄(က/ခ)၊ (၄၀ပေx၆၀ပေ) မြေနေရာပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦ၏ တတိယထပ် (၄လွှာ) (ခေါင်းရင်းဘက်အခြမ်း)၊ ဧရိယာအကျယ်အဝန်း (၁၇ပေx ၅၄ပေ) ရှိ ရေ၊ မီးစုံ တိုက်ခန်းတစ်ခန်းအား အဆက်ဆက်သော စာချုပ်များဖြင့် ဒေါ်သန်းသန်းအေး [၁၂/ဥကမ(နိုင်)၀၁၁၉၉၁]က လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ယခုအခါ ၎င်းလက်ရှိပိုင်ဆိုင်ထားသော အထက်ပါတိုက်ခန်းအား ၎င်း၏သားအရင်းဖြစ်သော ဦးမိုးဇော်ခိုင် [၁၂/ဥကမ(နိုင်)၂၅၂၂၀၃] အား "မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်" ဖြင့် (၃၀-၆-၂၀၂၄) ရက် နေ့တွင် ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအခါ အထက်ပါတိုက်ခန်း၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ပိုင်ရှင်ဖြစ်သူမှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်ခိုင် တစ်ဦးတည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ တိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်ခိုင်မသိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း မပြုလုပ်ပါရန်၊ ပြုလုပ်ခဲ့သည်ရှိသော် ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်ခိုင်မှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်းနှင့် ထိုကဲ့သို့ပြုလုပ်မှုကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်ခိုင်အား ထိခိုက်နစ်နာမှုဖြစ်ပေါ်လာပါက ကျွန်ုပ်၏မိတ်ဆွေ ဦးမိုးဇော်ခိုင်က တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဘိုဘိုဝင်း(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၄၆၉၁/၂၆-၁-၂၀၂၂)**

**အမှတ် (၆၇)၊ တံတားကြီးရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊**

**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-09-791777220**

## ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၉၇/ဒိတ်ကုန်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်-၇၁/က၊ ဦးဇော်မင်းအောင်အမည်ပေါက် မြေဧရိယာ (၇.၂၂) ဧကအနက်မှ (၂၀ ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၄)၊ ဗိုလ်ချုပ်လမ်း၊ ဒိတ်ကုန်းကျေးရွာအုပ်စု၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နှင်းဝတ်ရည် [၁၂/အစန (နိုင်) ၁၉၀၃၆၅] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၂၂၆)**

**ဒေါ်ခင်မျိုးလတ် (LL.B)** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၂၇၅)**

**အမှတ် (၄၄)၊ ပ-ထပ်၊ အခန်း (၁၀)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၀၊မြေကွက်အမှတ်-ထ/၁၈၀၊မြေကွက်တည်နေရာအမှတ်-ထ/၁၈၀၊ရာဇဓိရာဇ်လမ်း၊၄၀ရပ်ကွက်၊ဒဂုံမြောက်၊ဒေါ်ဝင်းခင်(၁၃/လရန(နိုင်)၀၉၄၃၅၄)အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်ဂရန်မြေအားဂရန်အမည်ပေါက်-ဒေါ်ဝင်းခင်(အပျိုကြီး)ဘဝဖြင့်ကွယ်လွန်သဖြင့်၎င်း၏မွေးချင်းညီမများဖြစ်သောဒေါ်ဝင်းဝင်းမာ(၁၃/လရန(နိုင်)၀၉၄၃၅၆)၊ဒေါ်ထွေးထွေး(၁၃/လရန(နိုင်)၀၉၄၃၅၅)တို့မှမိမိတို့ညီအစ်မနှစ်ဦးမှာကွယ်လွန်သူအမည်ပေါက်-ဒေါ်ဝင်းခင်၏ညီအစ်မများတော်စပ်ကြောင်း၊မိဘများမှာမိမိတို့ညီအစ်မသုံးဦးသာမွေးဖွားခဲ့ပြီးအခြားမွေးချင်းညီအစ်မ၊မောင်နှမတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊အမွေစားအမွေခံကိတ္တိမသားသမီးများလည်းမွေးစားထားခဲ့ခြင်းမရှိကြောင်း၊အစ်မဖြစ်သူကွယ်လွန်ပြီးနောက်ယင်းမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားကျန်ရစ်သူမိမိတို့ညီအစ်မနှစ်ဦးတည်းသာမြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရတရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ကျမ်းကိုန်လွှာ၊ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊အစ်မဖြစ်သူသေစာရင်း၊အိမ်ထောင်စုစာရင်း၊ဂရန်၊နိုင်ကတ်တို့တင်ပြ၍ပိုင်ဆိုင်၊စွန့်လွှတ်မြေပုံကူးလျှောက်ထားလာရာမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူများမှလာရောက်ပြသပေးပြီးကွင်းဆင်းဖော်တွင်ကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးပေးပါသဖြင့်ဒေါ်ဝင်းဝင်းမာ+၁မှပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)

မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ၊စမ်းချောင်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်( ၂၉ ဘီ၁ )၊မြေကွက်အမှတ်-( ၂၅-အေ )၊ဧရိယာ( ၀.၁၁၈ )ဧကအကျယ်ရှိနှစ်( ၉၀ )ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအမှတ်(၃၄-အေ)၊မြေနုလမ်း၊( မြေနီကုန်းမြောက် )ရပ်ကွက်၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့်အဆောက်အဦးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်မြေအမည်ပေါက်ဖြစ်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးမျိုးလွင် ၁၂/လမတ(နိုင်)၀၀၅၅၀၃ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဇွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-( ၂၆ )၊လူနေရပ်ကွက်အမှတ်-မြယမုံစမ်းရိပ်မြိုင်အပိုင်း-( ၁ )၊ကုမ္ပဏီမြေကွက်အမှတ်-( ၄၉ )၊မြေကွက်အမှတ်-( ၃၂ )ဟုခေါ်တွင်သည့်ဧရိယာ( ၀ .၁၄၁ )ဧကအကျယ်ရှိနှစ်( ၆၀ )ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုတရားဝင်မြေအမည်ပေါက်အဖြစ်လက်ဝယ်ထားပိုင်ဆိုင်၍အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သဥ္ဇာ၁၂/ဒဂန(နိုင်)၀၀၁၃၆၆ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့် အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဇွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| ( စဉ်-၇၇၅၇ ) | ( စဉ်-၈၁၁၂ ) | ( စဉ်-၁၃၂၃၅ ) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊လှည်းကူးမြို့နယ်၊ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂) C-10လမ်း၊ ကွင်းအမှတ်- (၉၈၇)၊မြေကွက်အမှတ်-(၄၁၆-D) ဟုခေါ်တွင်သည့်ဧရိယာ(၅)ဧကအကျယ်ရှိစိုက်ပျိုးရေးဇုန်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုတရားဝင်လုပ်ကိုင်ခွင့်ရရှိထားပြီးအပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူဒေါ်ချိုချို ၁၂/ကတတ(နိုင်)၀၀၇၆၈၆ ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန်အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေ၏လွှဲအပ်ချက်အရ-

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေဇွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်-၇၇၅၇) | (စဉ်-၈၁၁၂) | (စဉ်-၁၃၂၃၅) |

တ ရား လွှတ် တော် ရှေ့ နေ များ

ခြံအမှတ်( ၅၀၇/အေ )၊ပြည်ရိပ်သာလမ်း၊ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့

ဖုန်း-၀၉-၅၀-၅၇၇၁၄ ၊၀၉-၉၅-၅၀-၅၇၇၁၄ ၊၀၉-၅၁-၄၁၀၅၃

## ဖခင်အမည်မှန်

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁၉) အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ Grade-9 မှ မမိုးယုအောင်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုလတ် [၁၂/လကန(နိုင်)၁၈၉၆၅၂] ဖြစ်ပါကြောင်း။ **ဦးကိုကိုလတ်**

## အစည်းအဝေးဖိတ်ကြားခြင်း

Pyae Thiri International Co.,Ltd သည် မတည်ရင်းနှီးငွေလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို ၁၆-၀၇-၂၀၂၄ ရက် (အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီတွင် ကုမ္ပဏီရုံးခန်း၌ ပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်၊

Pyae Thiri International Co.,Ltd

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်-၁၀၃ ဟု ခေါ်တွင်သည့် မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေကွက်အမှတ်-၅/ဟ/၂၊ ဧရိယာ- (၀.၄၇၃)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေ (လ/န-၃၉) မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးမောင်မောင်စိန် [၁၂/ကတတ(နိုင်)၀၀၆၆၁၉]မှ အမည်ပေါက်ပိုင်ဆိုင်ပါသည်။ မြေအမည်ပေါက်သူ ဦးမောင်မောင်စိန်မှ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦများ အပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိပိုင်ဆိုင်လက်ဝယ်ထားရှိကြောင်း၊ အမွေဆိုင် အပေါင်အနှံ အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် လွှဲပြောင်းရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုသည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်လှလှလွင် (စဉ်-၅၇၇၃)** | **ဒေါ်နွယ်နွယ်ဇင် (စဉ်-၁၅၇၂၄)** | **ဦးဝေဖြိုးကျော် (စဉ်-၁၇၀၀၅)** |
| **ဒေါ်လဲ့လဲ့ဝင်း (စဉ်-၁၄၁၃၂)** | **ဒေါ်ဝေဇင်အောင် (စဉ်-၁၆၇၀၆)** | **ဦးတင်ထွန်းမြင့်အောင် (စဉ်-၁၇၂၉၂)** |
| **ဒေါ်သန္တာမော် (စဉ်-၁၄၁၅၂)** | | **ဦးထက်ခေါင် (စဉ်-၁၇၅၆၉)** |

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်-၁၆၇ (မြေညီထပ်)၊ ၃၈-လမ်း (အလယ်)၊ ၆-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၂၇၁၄၄၊ ၀၉-၇၆၅၁၂၇၁၄၄၊ ၀၁၈-၃၈၄၇၈၃**

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးနှင့် အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ရန် တာဝန်ရှိသည်ဖြစ်သည့်အတွက် မည်သည့်အစိုးရ၊ မည်သည့် နိုင်ငံရေးစနစ်နှင့် သွားသည်ဖြစ်စေ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အလေးအနက်ထားဆောင်ရွက်သွားရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြုလုပ်သော ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းအမှတ်စဉ်(၁၀) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

**ယနေ့ ဖတ်စရာ**

**အစ္စရေးနိုင်ငံ၌ ခြင်မှတစ်ဆင့်ကူးစက်သည့် West Nile ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၁ ဦး ရှိလာ**

စာမျက်နှာ » ၁၃

**နမ့်စန်မြို့နယ်အတွင်း လက်နက်/ခဲယမ်းများနှင့် အတူ တရားခံများ ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၅

**KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ယိုယွင်းပျက်စီးမှုများဖြစ်ပေါ်ခဲ့ရသည့် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်**

စာမျက်နှာ » ၁၆




ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုအား ပြန်လည်ပြုပြင်ပြီးစီးမှုကို တွေ့ရစဉ်။

## မိုးရွာသွန်းပြီး ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား ရထားလမ်းထူးပေါက်မှုဖြစ်ပွား

နေပြည်တော် ဇူလိုင် ၁၃

ဒုဋ္ဌဝတီမြစ်ရေကြီးနေကြောင်းသိရသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများသည် ယမန်နေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း စဥ့်ကိုင်မြို့နယ် မြစ်ငယ်နှင့် ပလိပ်ဘူတာအကြား သွားရောက်စစ်ဆေးခဲ့ရာ မိုင်တိုင်အမှတ် ၃၇၅/၁၀-၁၂ တွင် အလျား ၁၀ ပေနှင့် အနံ ရှစ်ပေခန့် ရထားလမ်းတာပေါင် ထူးပေါက်ကာ ရေဝင်ရောက်စီးဆင်းနေကြောင်း စစ်ဆေးတွေ့ရှိရပြီး ၎င်းနေရာ၌ ရထားများဖြတ်သန်းခုတ်မောင်းရန် အန္တရာယ်ရှိသဖြင့် အဆိုပါ အစုန်/အဆန် ရထားလမ်းပိုင်းများအား ခေတ္တပိတ်ထားခဲ့ရသည်။ **စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ■

## MNL ပြိုင်ပွဲတွင် ရန်ကုန်ယူနိုက်တက်နှင့် အား/ကာသိပ္ပံ ဂိုးပြတ်အနိုင်ရ



ရန်ကုန်ယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ရန်ကုန် ဇူလိုင် ၁၃

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃) တတိယနေ့ကို ဇူလိုင် ၁၃ ရက်က ဆက်လက်ကျင်းပရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့်အား/ကာသိပ္ပံအသင်း ဂိုးပြတ်အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက မြဝတီအသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ ပြိုင်ပွဲမစတင်မီ ရက်ပိုင်းအလိုတွင် နည်းပြနှင့် ကစားသမားများ အပြောင်းအလဲ ဖြစ်ပေါ်ခဲ့သည့် **စာမျက်နှာ ၂၄ ကော်လံ ၂ သို့** ❖

## မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ ယှဉ်ပြိုင်ခွင့်ရထားသည့် ပါရီအိုလံပစ် ကြက်တောင်ပြိုင်ပွဲ အုပ်စုမဲခွဲ



ရန်ကုန် ဇူလိုင် ၁၃

မြန်မာ ကြက်တောင်အားကစားမယ် သက်ထားသူဇာ လက်ရည်စစ်ပွဲအောင်မြင်ပြီး ယှဉ်ပြိုင်ခွင့်ရထားသည့် ၂၀၂၄ ပါရီအိုလံပစ် ကြက်တောင်ပြိုင်ပွဲ အုပ်စုမဲခွဲလိုက်ပြီဖြစ်သည်။

**စာမျက်နှာ ၂၄ ကော်လံ ၂ သို့**✪